မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ်(၃၁)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General, ANM Shawkat Jamal ndc, psc အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး **Brigadier General, ANM Shawkat Jamal ndc, psc** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Dedi Priatna Ariestiadi နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Aang Suharlan တို့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေးဦးတည်ချက် (၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် အောက်တိုဘာ ၃၁ ရက်)

သစ်တောဂေဟာစနစ် တိုးတက်ကောင်းမွန်ရေး နှစ်ရှည်ပင်စိုက်ခင်းများ ပိုမိုတိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၏သစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပုဂ္ဂလိကကျွန်းစိုက်ခင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ကျွန်းစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၂၆ရက်နေ့က မော်ဘီမြို့ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန၌ ကျင်းပခဲ့သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကျွန်းစိုက်ခင်းတည်ထောင်ခြင်းအတွက် အကြံပြုစာတမ်း၊ ကျွန်းမျိုးရိုးဗီဇ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းစာတမ်း၊ ကျွန်းစိုက်ခင်း ဈေးကွက်အလားအလာစာတမ်း၊ သန့်စင်သော ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းအရ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောပြုန်းတီးမှုနှင့် တောအတန်းအစားကျခြင်း ဖြစ်စဉ်များမှ ကာဗွန်ထုတ်လုပ်မှု လျော့ကျခြင်းစာတမ်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ယနေ့အချိန်အထိ နိုင်ငံတော်အတွင်း သစ်တောစိုက်ခင်း စုစုပေါင်း ၂၀၇၁၄၄၆ဧက ထူထောင်စိုက်ပျိုးထားရှိပြီး ကျွန်းစိုက်ခင်း စုစုပေါင်း ၁၂၄၈၂၀၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်း ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တို့၌ ၂၀၀၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး အုတ်တွင်းမြို့နယ်ရှိ ကျွန်းဧက ၁၀၀၀ စိုက်ခင်းကို ၂၀၀၇-၂၀၀၈ခုနှစ်တွင် စမ်းသပ်စိုက်ပျိုးခဲ့သည်။

၂၀၀၇-၂၀၀၈ ခုနှစ်မှစ၍ ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်း၊ ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းများတွင် ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၉၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုအခါ ဧက ၄၁၀၀ စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

နိုင်ငံအတွင်းစိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းဧကများစွာရှိနေရာ အခြေခံလိုအပ်ချက်များဖြစ်သည့် မျိုး၊ နည်းပညာ၊ ရာသီဥတုအခြေအနေများနှင့် ပြည့်စုံပြီးဖြစ်၍ နှစ်ရှည်ပင်စိုက်ခင်းများ စိုက်ပျိုးခြင်းသည် သစ်တောဂေဟစနစ် ပိုမိုကောင်းမွန်ရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ ရာသီဥတုကောင်းမွန်မျှတရေးတို့နှင့်ဆက်စပ်နေပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး တာမွေပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃၀

တာမွေမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေး ဦးဆောင်သောအဖွဲ့ အောက်တိုဘာ ၁၅ရက်က ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် ခေတ်ရှေ့ဆောင်စာကြည့်တိုက်၌ စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးကြသည်။

ဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး၊ စာအုပ်စာစောင်များ စနစ်တကျ မှတ်ပုံတင်ထိန်းသိမ်းထားရှိရေး၊ စာငှားစနစ်ကျင့်သုံး၍ ရန်ပုံငွေထူထောင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၅) တာမွေမြို့နယ်ရှိ ရင်သွေးငယ်လေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ အငယ်တန်းဆင့် ပုံပြောပြိုင်ပွဲတွင် ပထမဆုရ ငြိမ်းသီရိထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဒါရီက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၃၁-၁၀-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၁၉)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မလိမ်ရ မနေနိုင်ပေါင်** ပြေတီဦး၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-သျှိုကြီး)
- ၁၃း၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၃၇)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄း၂၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆း၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၁၃)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လူရွှင်တော်စတား
- ၂၀။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၂၂)

သံဖြူဇရပ်နှင့် မုဒုံမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် စက်တင်ဘာ ၂၈ရက်က သံဖြူဇရပ်မြို့နယ် ရေငန်ပုစွန်မွေးမြူရေးစခန်း **(အပေါ်ပုံ)**၊ ပင-ကရုပ္ပိချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းနှင့် မုဒုံမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဗဟိုစိုက်ပျိုးရေးခြံ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝမ်းတွင်းစည်ပင် အုတ်ရေမြောင်း ပြုလုပ်ဆောင်ရွက်

ဝမ်းတွင်း အောက်တိုဘာ ၃၀

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေဆုံးလမ်းဘေးဝဲယာ အုတ်ရေမြောင်း ပြုလုပ်မှုကို အောက်တိုဘာ ၁၀ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့သည်။ ***(မြို့နယ်စည်ပင်)***

ကုန်သည်/စက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Maria Hellen M.Barber သည် အောက်တိုဘာ၂၆ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့လာရောက်တွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် နည်းပညာများ ဖလှယ်ရေးကိစ္စ၊ ကုန်ပစ္စည်းပြပွဲများကျင်းပရေးနှင့် ပါဝင်ပြသရေးကိစ္စ၊ နှစ်နိုင်ငံကုန်သည်စက်မှုအသင်းများ ပိုမိုနီးကပ်စွာ ဆက်သွယ်ဆောင်ရွက်မှုပြုရေးကိစ္စနှင့် စားသောက်ကုန်လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။ (ဝဲပုံ) (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အောက်တိုဘာ ၃၀ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး **Brigadier General, ANM Shawkat Jamal ndc, psc** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး **Colonel, Dedi Priatna Ariestiadi** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel, Aang Suharlan** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

ရန်ကုန် အောက်တိုဘာ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်မြို့နှင့် ဥမြို့တို့တွင် ၀ ဒသမ ၂၇ လက်မစီနှင့် ဟသ်ာတမြို့တွင် ၀ ဒသမ ၁၅လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

အောက်တိုဘာ ၃၁ရက် ညနေအထိခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာ ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုဝင်ဘာလ ပထမ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များတွင် ရန်ကုန်တိုင်း၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်နှင့်မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၂၁)ထွက်နေပြီ

ရန်ကုန် အောက်တိုဘာ ၃၀

ဗြိတ္တာရာသီ၊ တန်ဆောင်မုန်းလ၏ ခဝဲပန်းများ ဖူးပွင့်ခြင်းနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ် (၂၁)ကို နိုဝင်ဘာ ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် အဖိုးတန်စပါးများ၊ လေလွင့်ဆုံးရှုံးမသွားရအောင်၊ စီးပွားဖြစ်ကွမ်းပင်စိုက်ပျိုးနည်း၊ စီးပွားဖြစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးပါ၊ ပြည်ပဈေးကွက်အကြိုက် စပျစ်စိုက်၊ နှမ်းအထူးအထွက်တိုးအောင် စသည့်စိုက်ပျိုးရေးဆောင်းပါးများ၊ ပျားများအသုံးဝင်မှုနှင့် ပျားမွေးမြူရေး၊ သားမွေးဝက်မများ နို့မထွက်သောရောဂါစသည့် မွေးမြူရေးဆောင်းပါးများ၊ ခူကောင်မွေးဆူးသော်၊ ဆေးဖက်ဝင်နနွင်း၊ ပိုးသတ်ဆေး အဆိပ်ထိခဲ့ပါက၊ အစာလည်းဆေး စားသုံးပေး လူတိုင်းအတွက်ကျန်းမာရေး၊ ကြိုတင်ကာကွယ် ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ် စသည့်ကျန်းမာရေးဆောင်းပါးများ၊ ဆီမီးရောင်ပြိုင် တန်ဆောင်တိုင် မီးထွန်းပွဲတော် နွဲလို့ပျော်၊ ၂၀၀၉ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆု ဒို့ကျေးရွာဂျာနယ်ရရှိ၊ ကျေးလက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်မည်၊ ဝမ်းသာပီတိဖြစ်ရမည့် အလင်းအောင်ပွဲ၊ စစ်မှန်တဲ့စေတနာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါ၊ ယခင်နှင့်မတူ ဘက်စုံဖွံ့ဖြိုးစည်ပင်လာသော မန္တလေးတိုင်း၊ မြေကမ္ဘာကြီးဖုံးနေပြီ စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ ဂျာမနီနိုင်ငံအကြောင်း သိကောင်းစရာ၊ ကမ္ဘာ့ဂုန်လျှော် စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်ဦးမော့လာ၊ တောင်ကိုရီးယားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်တက် စသည့် နိုင်ငံတကာသတင်းများ၊ အားကစားသတင်းများနှင့် ရှေ့ဆက်မည့် အနုပညာရပ်များ အောင်မြင်ဖို့အတွက် ပရိသတ်ကအားပေးကြပါလို့ ဆိုတဲ့ ပုလဲဝင်းနှင့်တွေ့ဆုံခြင်း၊ ညောင်ပင်တစ္ဆေဝေလေလေ အခန်းဆက်ဝတ္ထုရှည်တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(မြန်မာ့အလင်း)**

31-10 (03).pmd 1 10/30/2009, 1:20 PM

ကျူးဘားအား အမေရိကန်ပိတ်ဆို့ထားမှု
အဆုံးသတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ မဲခွဲဆုံးဖြတ်

ဂျီနီဗာ အောက်တိုဘာ ၃၀

ကျူးဘားနိုင်ငံအား အမေရိကန်ပိတ်ပင်မှုအဆုံးသတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက အောက်တိုဘာ ၂၈ရက်တွင် မဲခွဲဆုံးဖြတ်လိုက်သည်။

ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၂နိုင်ငံရှိသည့်အနက် အထွေထွေညီလာခံတွင် ယင်းကိစ္စကို ထောက်ခံမဲ ၁၈၇မဲ၊ ကန့်ကွက်မဲ သုံးမဲနှင့် မဲမပေးဘဲနေသည့်နိုင်ငံ နှစ်နိုင်ငံ ရှိသည်။

တောင်းဆို

အမေရိကန်က ကျူးဘားနိုင်ငံအားပိတ်ဆို့ထားမှုကို အဆုံးသတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက မဲခွဲတိုက်တွန်းလာသည်မှာ ယခုနှစ်တွင် ၁၈ကြိမ်ရှိသွားပြီဖြစ်သည်။ အမေရိကန်၏တစ်ဖက်သတ် ပိတ်ပင်မှုကို ရပ်ဆိုင်း၊ ရုပ်သိမ်းပေးရန် ၁၉၉၂ခုနှစ်ကတည်းက ဆက်တိုက်တောင်းဆိုတိုက်တွန်းထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စီ-ဝ၉ သယ်ယူပို့ဆောင်ရေးလေယာဉ်

ဘရာဇီးနိုင်ငံ လေတပ်အခြေစိုက်စခန်းမှ စီ-ဝ၉သယ်ယူပို့ဆောင်ရေး လေယာဉ်သည် အောက်တိုဘာ ၃၀ရက်က အမေဇုန်တောအတွင်း ပျောက်ကွယ်သွားရာ စီယူဇီရိုဒိုဆူလ်မြို့နှင့် တာဘာတင်ဂါမြို့အကြား စတင်ပျံသန်းစဉ်အတွင်း တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်မှု တိုက်ဖျက်ချေမှုန်းရေး ပါကစ္စတန်နှင့်အမေရိကန် လက်တွဲမည်

အစ္စလမ္မာဘတ် အောက်တိုဘာ ၃၀

အကြမ်းဖက်မှု တိုက်ဖျက်ချေမှုန်းရာတွင် ပါကစ္စတန်နိုင်ငံ တစ်နိုင်ငံတည်း မဟုတ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု အနေဖြင့် အကြမ်းဖက်သမားများအား တိုက်ဖျက်ချေမှုန်းရာတွင် ပါကစ္စတန်နိုင်ငံကို လက်တွဲကူညီသွားမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အောက်တိုဘာ ၂၈ရက်၌ ပြောကြားသည်။

ပြောကြား

ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေသော ဇနီးသည်တော် ဟီလာရီကလင်တန်က ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမာမွတ် ကူရီရှီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လာရောက်လည်ပတ်

ဝန်ကြီး ဟီလာရီကလင်တန်သည် သုံးရက်ကြာလည်ပတ်နိုင်ရန် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ပြီး သူသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ယူခဲ့ပြီးသည့်နောက် ပထမဆုံးအကြိမ် ပါကစ္စတန်နိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြစ်သည်။

တိုက်ခိုက်

ပါကစ္စတန်နှင့် အမေရိကန်တို့သည် လုံခြုံရေးပြဿနာများနှင့် ရင်ဆိုင်နေကြရပြီး ပါကစ္စတန်နိုင်ငံသည် လောလောဆယ်တွင် အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်းနေကြရသည်ဟုလည်း ၄င်းက ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ညှော့ဂေဟာတိုက်ခိုက်မှု လုံခြုံရေးကောင်စီပြစ်တင်ရှုတ်ချ

ဂျီနီဗာ အောက်တိုဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ကုလသမဂ္ဂညှော့ဂေဟာကို တိုက်ခိုက်မှုနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အောက်တိုဘာ၂၈ရက်တွင် အပြင်းထန်ဆုံး ပြစ်တင်ရှုတ်ချလိုက်သည်။

ထောက်ခံ

ထိုတိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂ ဝန်ထမ်းငါးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် သေဆုံးသူများ၏ မိသားစုများအား ဝမ်းနည်းကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လက်ရှိဥက္ကဋ္ဌ ကုလသမဂ္ဂဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး လီလွန်မင်းက ထုတ်ဖော်ပြောကြားပြီး အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို အခိုင်အမာထောက်ခံကြောင်း ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နီကိုးရှား၌ မြေမြှုပ်မိုင်းပေါက်ကွဲ ကုလသမဂ္ဂဝန်ထမ်းသေဆုံး

နီကိုးရှား အောက်တိုဘာ ၃၀

ဆိုက်ပရပ်စ်နိုင်ငံ နီကိုးရှားမြို့တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၀ခန့် အကွာရှိ မြေမြှုပ်မိုင်းဒေသအတွင်း အောက်တိုဘာ ၂၈ရက်က မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် မိုဇမ်ဘစ်နိုင်ငံမှ ကုလသမဂ္ဂမိုင်းရှင်းလင်းရေး ဝန်ထမ်းတစ်ဦး သေဆုံးသွားကြောင်း ဆိုက်ပရပ်စ်နိုင်ငံရှိ ကုလသမဂ္ဂပြန်ကြားရေးရုံးက ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အင်အားပြင်းသည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ဆူကျို့ငါးပြတိုက်

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျို့မြို့ရှိ ငါးပြတိုက်၌ ဂျပန်နိုင်ငံမှ တင်ပို့သည့် လင်းပိုင်တစ်ကောင်အား လာရောက်ကြည့်ရှုသူများက အစာကျွေးနေသည်ကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အန္တာတိတ်ဒေသ စူးစမ်းလေ့လာရေး တရုတ်သင်္ဘော နယူးဇီလန်ဆိပ်ကမ်း၌ဆိုက်ကပ်

ခရစ်ချပ်(နယူးဇီလန်) အောက်တိုဘာ ၃၀

တရုတ်နိုင်ငံမှ အန္တာတိတ်ဒေသ စူးစမ်းလေ့လာရေးသင်္ဘောသည် သောက်သုံးရေဖြည့်တင်းရန်နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ပြုပြင်ရန်အတွက် နယူးဇီလန်နိုင်ငံရှိ ခရစ်ချပ်ဆိပ်ကမ်းမြို့၌ အောက်တိုဘာ ၂၉ရက်က ဆိုက်ကပ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ခုတ်မောင်း

အဆိုပါစူးစမ်းလေ့လာရေးသင်္ဘော (နှင်းနဂါး)သည် တရုတ်နိုင်ငံ ရှန်ဟိုင်းဆိပ်ကမ်းမြို့မှ အောက်တိုဘာ ၁၁ရက်က စတင်ထွက်ခွာလာခြင်းဖြစ်ပြီး အီကွေတာကို အောက်တိုဘာ ၁၉ရက်၌ ဖြတ်သန်းခဲ့ကာ တောင်ပစိဖိတ်သမုဒ္ဒရာကို ၁၀ရက်ကြာ ဖြတ်သန်းခုတ်မောင်းခဲ့သည်ဟု ဆိုသည်။

ဖော်ပြ

ယင်း စူးစမ်းလေ့လာရေးသင်္ဘောသည် ဂျေ့ဂျ် ဘုရင့်ကျွန်းတောင်ဘက်၌ တရုတ် မဟာတံတိုင်းကြီးအမည်ရှိ စခန်းသို့ နိုဝင်ဘာ ၁၅ရက်မတိုင်မီ ရောက်ရှိမည်ဟု ခန့်မှန်းရကြောင်း သတင်းတွင်ဖော်ပြသည်။ ***(အင်တာနက်)***

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၃၅၃ ဦးရှိပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၃၀

အီရတ်နိုင်ငံ ကမ်အက်ဒါမြို့တွင် အောက်တိုဘာ ၂၈ရက်က တိုက်ပွဲမဟုတ်သော ဖြစ်စဉ်တစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း၊ ယင်းမှာ အောက်တိုဘာလအတွင်း အီရတ်နိုင်ငံ၌ သေဆုံးသည့် ခြောက်ဦးမြောက် အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်ဟု အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ခဲ့သော်လည်း သေဆုံးသည့်အကြောင်းရင်းကိုမူ ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ပေ။

ဝင်ရောက်ကျူးကျော်

၂၀၀၉ခုနှစ် ဇူလိုင်လမှစတင်၍ အမေရိကန်တပ်များ အီရတ်နိုင်ငံမှ စတင်ဆုတ်ခွာနေပြီဖြစ်သော်လည်း သေဆုံးဒဏ်ရာရမှုများမှာ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၀၉ခုနှစ် နှစ်စမှ ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၃၂ဦးသေဆုံးခဲ့မှုအပါအဝင် အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်ကျူးကျော်ချိန်မှစတင်ပြီး ယခုအချိန်အထိသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၃၅၃ ဦး ရှိသွားပြီဖြစ်သည်။

ထုတ်ပြန်

၂၀၀၉ခုနှစ်တွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုမှာ ဇန်နဝါရီလ၌ ၁၆ဦး၊ ဖေဖော်ဝါရီလ၌ ၁၇ဦး၊ မတ်လ၌ ကိုးဦး၊ ဧပြီလ၌ ၁၉ဦး၊ မေလ၌ ၂၅ဦး၊ ဇွန်လ၌ ၁၅ဦး၊ ဇူလိုင်လ၌ ရှစ်ဦး၊ ဩဂုတ်လ၌ ခုနစ်ဦး၊ စက်တင်ဘာလ၌ ၁၀ဦးဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည်။ **(အင်တာနက်)**

မိုဆူးလ်တိုက်ခိုက်မှု၌ ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၃၀

အီရတ်နိုင်ငံ အနောက်ပိုင်း မိုဆူးလ်မြို့ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်သို့ အမည်မသိ သေနတ်သမားများ အောက်တိုဘာ ၂၉ရက်က ဝင်ရောက်စီးနင်းပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ရဲအရာရှိတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသတွင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

သေနတ်သမားများက လက်ပစ်ဗုံးများ၊ သေနတ်များဖြင့် မိုဆူးလ်မြို့ရှိ အယ်လ်မီလ်စစ်ဆေးရေးဂိတ်ကို ဝင်ရောက်ပစ်ခတ်သွားခြင်းဖြစ်ကြောင်း၊ အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။ (အင်တာနက်)

အောသင်၌ ယာဉ်တိုက်မှုဖြစ်ပွား

ဂရိနိုင်ငံ အောသင်မြို့အဝေးပြေးလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မုဒ္ဒံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

မုဒ္ဒံမြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို လာမည့် ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီ(ရေကူး) မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပရန်စီစဉ်လျက်ရှိသည်။

စီစဉ်

စုပေါင်းလှူဒါန်းပွဲနှင့်အတူ အသက်(၈၀)နှင့်အထက်ရှိသူ အသင်းဝင်များ၊ အသင်းဝင်များ၏ အဘိုး၊ အဘွား၊ မိဘများအား သက်ကြီးပူဇော်ပွဲ ကျင်းပပြီး ၂၀၀၉ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူ အသင်းဝင်များ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ (မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းပူးတွဲတင်ပြရန်)၊ နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ရရှိသူများ၊ အဆို၊ အက၊ အရေး၊ အတီး (ဗဟို)အဆင့်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားအဖြစ် ရွေးချယ်ခံရသူများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ပြီး နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရန်စီစဉ်ထားသည်။

ဆက်သွယ်

လှူဒါန်းလိုသူများနှင့် အမည်စာရင်း ပေးသွင်းလိုသူများသည် အထောက်အထားများနှင့်အတူ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း-၅၆၉၃၁၃၊ အတွင်းရေးမှူး ဦးအောင်လှထူး ဖုန်း-၅၃၇၇၃၆၉၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း-၀၉-၅၁-၃၄၉၀၂၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁၊ စာရင်းစစ်ဦးသန်းလွင် ဖုန်း-၂၉၄၃၅၉နှင့် အမှုဆောင်တို့သို့ နိုဝင်ဘာ ၂၃ရက် နောက်ဆုံးထားဆက်သွယ်ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ လှည်းတန်း ကမာရွတ်မြို့နယ် ၁လမ်း အမှတ် ၁၃နေ ENRICO OCAMPO - မစုစုထွန်း(စင်ကာပူ)တို့က မင်္ဂလာဦးအထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အောက်တိုဘာ ၁၈ရက်က အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း မရမ်းကုန်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်း၌ ပထမဆုရကျောင်းသူ မမိုးမိုးထက်ခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာမြင့်က ဆုချီးမြှင့်စဉ်။ (၁၁၉)

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဟောပြောပွဲ တောင်ကုတ်၌ကျင်းပ

တောင်ကုတ် အောက်တိုဘာ ၃၀

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နှစ်(၂၀)ပြည့် အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၂နာရီက တောင်ကုတ်မြို့နယ် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနရုံး အစည်းအဝေး ခန်းမတွင် ကျင်းပရာ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်း

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းအောင်နီ **(ယာပုံ)**၊ မြို့နယ်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ဦးစီးအရာရှိဦးငွေစိုးတို့က ယာဉ်စည်းကမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကွဲခိုင်မှု

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မထသဥက္ကဋ္ဌနှင့် ယာဉ်လိုင်းတာဝန်ခံများ၊ ယာဉ်မောင်းများတက်ရောက်ကြပြီး အောင်သစ္စာနှင့်ရဲအောင်လံယာဉ်လိုင်းများမှ မော်တော်ယာဉ်များ ကွဲခိုင်မှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယခုအပတ် News Watch (စောင့်ကြည့်)ဂျာနယ်ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၃၀

ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ်တွင် မြန်မာဟိုတယ်ဝန်ထမ်းများကို အမေရိကန်နှင့် ဥရောပတိုက် ဟိုတယ်ကြီးများမှ ကမ်းလှမ်းလာသည့်သတင်း၊ မိုးလေဝသဌာနမှ အငြိမ်းစားဦးထွန်းလွင် အငြိမ်းမစားနိုင်ခြင်းနှင့် တစ်ခုတည်းသော တိုင်ဖုန်းမုန်တိုင်းအကြောင်း၊ FEC၅၀တန်ကတ် (လက်ကိုင်ဖုန်းသုံး)များ ရောင်းအားမြင့်တက်၊ တရားပွဲများ ဓမ္မာရုံနှင့် သာသနာ့အဆောက်အအုံများတွင်သာ ပြုလုပ်ရန်၊ မြန်မာသင်္ဘောသားတစ်ဦးကို ဒေါ်လာ၂သန်းဖြင့် ရွေးရန်ညှိနှိုင်းဆဲ၊ မေးခွန်းမမေးတတ်သည့် သတင်းသမားတွေ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းဖွင့်ရန် လျှောက်လွှာပုံစံများကို မြို့နယ်ကျန်းမာရေးဌာနတွင် စတင်ရောင်းပြီ၊ ရန်ကုန်-မြိတ်-ကော့သောင်း ကုန်တင်စက်လှေများ စီးရေလျော့ကျ၊ လူငယ်လူရွယ်များ၏ ပညာရေးဘုန်းကြီးကျောင်းများမှ တစ်နိုင်တစ်ပိုင် ပံ့ပိုးကူညီနေမှု၊ လူသားတိုင်း စာတတ်ရမည်ဟု ရည်မှန်းဖွင့်လှစ်သောကျောင်းနှင့် ဘဒ္ဒန္တသုဇာတနှင့် တွေ့ဆုံခြင်း၊ ဒေါက်တာအောင်ခင်ဆင့်၏ ကိုယ်ဝန်သည်မိခင်များ မွေးဖွားရက်တွက်ချက်ပုံ၊ အမေရိကန်မှာ ၁၅နှစ် ဘာသာရေးလုပ်ခဲ့တဲ့ လှလှမိုး မြန်မာပြည်မှာ ပြန်လုပ်ရှား၊ ဘာသာရေးလုပ်နေရုံနှင့် မပြီးဘူးဆိုတဲ့ ခိုင်သင်းကြည်၊ ဇာတ်ဝင်တေးတွေနှင့် မိုးမိုး၊ ကော်ဖီချစ်သူ ကိုရီးယားမင်းသမီး ရှိအီဟွမ်၊ လူငယ်တွေဘဝကို လူငယ်တွေ ပိုင်တယ်ဆိုတဲ့ အဆိုတော်အဖွဲ့၊ သင်ကြမလား တရုတ်စာ၊ တရုတ်စကား၊ ကတ်စထရို၏ ညီမ စီအိုင်အေလုပ်၊ အီရန်နျူကလီးယားကိစ္စ၊ ရောဘတ်မူဂါဘီရဲ့ ရက်စက်မှုတွေကို ခွင့်လွှတ်သည်းခံညှိနှိုင်းတဲ့ မော်ဂန်ဆဗင်ဂီရိုင်း၊ ကုလသမဂ္ဂမှာ နေရာရလာမည့် ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲစတဲ့ သိသင့်သိထိုက်တဲ့သတင်းများနှင့် စောင့်ကြည့် (News Watch) ထွက်လာပြီဖြစ်သည်။

(သတင်းစဉ်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ စုစည်းရေးသားသည်

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း အောက်တိုဘာလတွင် ၅ဒသမ၃ရာခိုင်နှုန်းသို့ ကျဆင်းခဲ့

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ရာသီအလိုက် စာရင်းကိုက်ညှိချက်အရ လွန်ခဲ့သည့် စက်တင်ဘာလက ၅ ဒသမ ၅ရာခိုင်နှုန်း ရှိနေခဲ့ရာမှ အောက်တိုဘာလတွင် ၅ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်ဟု ဂျပန်အစိုးရက အောက်တိုဘာ ၃၀ရက်တွင် ကြေညာသည်။ ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့အရေအတွက် ယခင်နှစ်ကထက် ၉၂၀၀၀၀ တိုးကာ ၃ ဒသမ ၆၃ သန်းအထိ ရှိလာသည်ဟု ဆိုသည်။

A(H1N1) တုပ်ကွေးဖြစ်သူဦးရေ စပိန်နိုင်ငံ၌ အချိန်တိုအတွင်း သိသိသာသာတိုးလာ

စပိန်နိုင်ငံတွင် အောက်တိုဘာ ၁၈ရက်မှ ၂၄ရက်အတွင်းရှိ ရက်သတ္တတစ်ပတ်တွင် A(H1N1) တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့ခံရသူအရေအတွက် သိသိသာသာ တိုးလာကြောင်း၊ ထိုကာလအတွင်း ရောဂါဖြစ်ပွားသူဦးရေ ၈၀၉၈၁ဦးရှိကြောင်း ဂျပန် ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၉ရက်တွင် ထုတ်ပြန်သည့် စာရင်းဇယားများ၌ ဖော်ပြထားသည်။

မာရီနေး တိုင်ဖုန်းမုန်တိုင်း ဖိလစ်ပိုင်နိုင်ငံအတွင်း တိုက်ခတ်

မာရီနေးအမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ တစ်လအတွင်း လေးကြိမ်မြောက် ဝင်ရောက်မွှေနှောက်တိုက်ခတ်ကြောင်း၊ ဖိလစ်ပိုင်မြို့တော် မနီလာသို့ ဦးတည်ရွေ့လျားနေကြောင်း၊ မနီလာမြို့ရှိ အချို့ရပ်ကွက်များသည် ယခုအချိန်အထိ ရေမြုပ်နေဆဲဖြစ်ကြောင်း ရာသီဥတုခန့်မှန်းရေးပညာရှင်များက အောက်တိုဘာ ၃၀ရက်တွင် ပြောကြားသည်။ အာဏာပိုင်များက စာသင်ကျောင်းများကို ပိတ်လိုက်ရပြီး ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသင့်ပြင်ထားသည်။

ထိုင်းအလံတင် သင်္ဘောတစ်စင်း ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီး

ဆိုမာလီပင်လယ်ဓားပြများသည် ဆေးရှဲကျွန်းမြောက်ဘက်တွင် ထိုင်းအလံတင် သင်္ဘောတစ်စင်းကို ဖမ်းဆီးကာ ဆိုမာလီကမ်းလွန်၌ ရောက်ရှိနေသော နိုင်ငံတကာ ရေတပ်သင်္ဘောများကို ရှောင်တိမ်းလွတ်မြောက်သွားသည်။ ဆိုမာလီပင်လယ်ဓားပြများသည် လှေငယ်နှစ်စင်းဖြင့် ဆိုမာလီကမ်းလွန်တွင် အောက်တိုဘာ ၂၉ရက် စောစောပိုင်းက ထိုင်းနိုင်ငံပိုင် ''ယူနီယံ-၃''သင်္ဘောကို တိုက်ခိုက်ပြီး သင်္ဘောသား ၂၅ဦးနှင့်အတူ သင်္ဘောကို အပိုင်စီးသွားခဲ့သည်။ (အပေါ်ပုံ)

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်၌ ဓာတ်လိုက်မှု လူငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်တွင် အောက်တိုဘာ ၃၀ရက်က လျှပ်စစ်ပတ်လမ်းပြတ်တောက်ပြီး ဓာတ်လိုက်သဖြင့် လူငါးဦးသေဆုံးပြီး တစ်ဦးဆိုးဆိုးရွားရွား ဒဏ်ရာရရှိသွားကြောင်း ဖနောင်ပင်ရဲတပ်ဖွဲ့က ပြောသည်။

အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ် အမေရိကန်လွှတ်တင်မည်

အတ္တလန္တစ်အမည်ရှိ အမေရိကန်အာကာသ လွန်းပြန်ယာဉ်သည် နိုဝင်ဘာ ၁၆ရက်တွင် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းမှနေ၍ နိုင်ငံတကာအာကာသစခန်းယာဉ်သို့ ၁၁ရက်ကြာ သွားရောက်ရန်စီစဉ်ထားကြောင်း အမေရိကန်လေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)က အောက်တိုဘာ ၂၉ရက်၌ ကြေညာသည်။

အိန္ဒိယမြောက်ပိုင်း၌ ဓာတ်ဆီသိုလှောင်ကန်မီးလောင် လူ ၁၃ဦးသေဆုံး၊ ၁၅၀ကျော်ဒဏ်ရာရရှိ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျိုင်ပူရ်မြို့တွင် အောက်တိုဘာ ၂၉ရက် ညနေပိုင်းက ဓာတ်ဆီသိုလှောင်ကန်၌ မီးလောင်မှုဖြစ်ပွားရာ လူ ၁၃ဦးသေဆုံးပြီး ၁၅၀ကျော် ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က အောက်တိုဘာ ၃၀ရက်၌ ကြေညာသည်။

(အောက်ပုံ)

မြန်မာ့အလင်း နောက်ဆုံးရအားကစားသတင်း

ဖီဖာ၏ ၂၀၀၉ခုနှစ် အကောင်းဆုံး ဘောလုံးသမားဆု ပဏာမဘောလုံးသမားအမည်စာရင်း ထုတ်ပြန်ကြေညာ

ရေးသူ - မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

လန်ဒန် အောက်တိုဘာ ၂၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ၂၀၀၉ခုနှစ် အကောင်းဆုံးဘောလုံးသမားဆုရွေးချယ်ချီးမြှင့်ရန် ပဏာမဘောလုံးသမား ၂၃ဦး၏ အမည်စာရင်းများကို ဖီဖာက အောက်တိုဘာ ၂၀ရက်၌ သတင်းထုတ်ပြန်လိုက်သည်-

မက်ဆီ
(အာဂျင်တီးနား၊ ဘာစီလိုနာ)

ဖီဖာက ပဏာမရွေးချယ်ထားသော ဘောလုံးသမား ၂၃ဦးစာရင်းတွင် အင်္ဂလန် ဘောလုံးသမားများဖြစ်သည့် တယ်ရီ၊ ဂျရတ်၊ လမ်းပတ်နှင့် ရွန်နေ တို့လည်း ပါဝင်ကြသည်။

ထိပ်ဆုံးမှပြေးနေ

၂၀၀၉ခုနှစ် အကောင်းဆုံး ဘောလုံးသမားဆုအတွက် ထိပ်ဆုံးမှ ပြေးနေသူမှာ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ပြီးခဲ့သည့် ၂၀၀၈ခုနှစ်က ဖီဖာ၏ အကောင်းဆုံး ဘောလုံးသမားဆုရ မန်ယူတောင်ပံကစားသမား ဟောင်းနှင့် လက်ရှိ ရီးရဲမက်ဒရစ် ကစားသမား စီရိုနယ်ဒိုတို့ ဖြစ်ကြသည်။

ဖီဖာ၏ ၂၀၀၉ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်မှုကို လာမည့် ဒီဇင်ဘာ၂၁ရက်၌ ရွေးချယ်ကြေညာမည်ဖြစ်သည်။ ထို့အတူ ဖီဖာ၏ ၂၀၀၉ခုနှစ် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုအတွက်လည်း ပဏာမ ဘောလုံးသမား ၁၀ဦး၏ အမည်စာရင်းကိုလည်း သတင်းထုတ်ပြန်လိုက်ပြီဖြစ်သည်။

နာမည်ကြီး

ဖီဖာ၏ ၂၀၀၉ခုနှစ် အကောင်းဆုံး အမျိုးသမီး ဘောလုံးသမားဆုအတွက် နာမည်ကြီးပြီး ရေပန်းစားနေသူမှာ အင်္ဂလန် အမျိုးသမီးဘောလုံးအသင်း တိုက်စစ်မှူး ကီလီစမစ်ဖြစ်သည်။



စီရိုနယ်ဒို
(ပေါ်တူဂီ၊ ရီးယဲမက်ဒရစ်)

ရွေးချယ်မည်

၂၀၀၉ခုနှစ် ဖီဖာအကောင်းဆုံး ဘောလုံးသမားဆုကို နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းများမှ အသင်းခေါင်းဆောင်များနှင့် နည်းပြများက မဲဆန္ဒပေးကာ အမျိုးသားဘောလုံးသမားငါးဦးနှင့် အမျိုးသမီးဘောလုံးသမား ငါးဦးကို ရွေးချယ်ပေးကြမည်ဖြစ်သည်။ ယင်းတို့မှ အကောင်းဆုံး ဘောလုံးသမားဆုကို အပြီးသတ် ရွေးချယ်မည်ဖြစ်သည်။

ဖီဖာ၏ ၂၀၀၉ခုနှစ် အကောင်းဆုံး ဘောလုံးသမားဆု ပဏာမ ၂၃ဦးစာရင်း



လမ်းပတ်
(အင်္ဂလန်၊ ချယ်လ်ဆီး)

ရွန်နေ
(အင်္ဂလန်၊ မန်ယူ)

ဘောလက်(ဂျာမနီ၊ ချယ်လ်ဆီး)၊ ဘတ်ဖွန်(အီတလီ၊ ဂျူဗင်းတပ်စ်)၊ ကက်ဆီးလက်စ် (စပိန်၊ ရီးရဲမက်ဒရစ်)၊ စီရိုနယ်ဒို (ပေါ်တူဂီ၊ ရီးရဲမက်ဒရစ်)၊ ဒေကို(ပေါ်တူဂီ၊ ချယ်လ်ဆီး)၊ ဒရော့ဘာ(အိုင်ဗရီကို့စ်၊ ချယ်လ်ဆီး)၊ အီတူး (ကင်မရွန်း၊ အင်တာမီလန်)၊ ဂျရတ် (အင်္ဂလန်၊ လီဗာပူး)၊ အွန်နရီ(ပြင်သစ်၊ ဘာစီလိုနာ)၊ အီဘရာဟင်မိုဗစ်(ဆွီဒင်၊ ဘာစီလိုနာ)၊ အင်နီယေစတာ (စပိန်၊ ဘာစီလိုနာ)၊ ကာကာ (ဘရာဇီး၊ ရီးရဲမက်ဒရစ်)၊ လမ်းပတ်(အင်္ဂလန်၊ ချယ်လ်ဆီး)၊ ဖာဘီရာနို (ဘရာဇီး၊ ဆီဗီလာ)၊ မက်ဆီ(အာဂျင်တီးနား၊ ဘာစီလိုနာ)၊ ပူယိုးလ်(စပိန်၊ ဘာစီလိုနာ)၊ ရစ်ဘာရီ (ပြင်သစ်၊ ဘိုင်ယန်မြူးနစ်)၊ ရွန်နေ(အင်္ဂလန်၊ မန်ယူ)၊ တယ်ရီ (အင်္ဂလန်၊ ချယ်လ်ဆီး)၊ တောရက်စ် (စပိန်၊ လီဗာပူး)၊ ဒေးဗစ်ဗီလာ(စပိန်၊ ဗလင်စီယာ)၊ ဇာဗီး (စပိန်၊ ဘာစီလိုနာ)။

ဖီဖာ၏ ၂၀၀၉ခုနှစ် အကောင်းဆုံး အမျိုးသမီးဘောလုံးသမားဆု ပဏာမ ၁၀ ဦး

အင်ဂါရာ(ဂျာမနီ)၊ ဘွမ်ပါစတာ (ပြင်သစ်)၊ ခရစ်စတင်း(ဘရာဇီး)၊ ဂရင်းစ် (ဂျာမနီ)၊ အီဝါဘူချီ(ဂျပန်)၊ လူဒီဟာ (ဂျာမနီ)၊ မာတာ(ဘရာဇီး)၊ ပရင်းဇ် (ဂျာမနီ)၊ ကီလီစမစ်(အင်္ဂလန်)၊ ဝမ်ဘတ်(အမေရိကန်)တို့ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)က သတင်းထုတ်ပြန်ထားသည်။ ။

(အင်တာနက်)

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၇)ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။
(အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်၍ သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ မြို့နယ်အခွန်ဦးစီးဌာနမှူး ၄၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှ ယူ-၁၉ ဘောလုံးခြေစစ်ပွဲဝင်ရန် မြန်မာလူငယ်အသင်းထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၀

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ကျင်းပမည့် အာရှ ယူ-၁၉ အမျိုးသား ဘောလုံးပြိုင်ပွဲခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်းသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပါဝင်

မြန်မာလူငယ် ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ**-ဦးမောင်မောင်၊ **နည်းပြ**-ဦးကျော်မင်း၊ **ဆေးမှူး**-ဒေါက်တာ မျိုးသီဟန်၊ **သူနာပြု**-ဦးထွန်းဇော်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ပြည့်ဖြိုးအောင်၊ ကျော်ကိုကို(၁)၊ မြင့်ဖြိုးဝေ၊ **နောက်တန်း**-မျိုးမြင့်အောင်၊ ဇင်မင်းထွန်း၊ သိန်းလင်းအောင်၊ ငြိမ်းချမ်းအောင်၊ ရန်အောင်ဝင်း၊ အောင်သက်ပိုင်၊ **အလယ်တန်း**-အောင်ကိုကိုဝင်း၊ ကြည်လင်း၊ ဝင်းသူ၊ ဗညားဦး၊ မျိုးကျော်၊ သိန်းသန်းဝင်း၊ ပြည့်ဖြိုးကိုကို၊ နိုင်စိုးဝေ၊ ဇော်လင်းထက်၊ ဇော်လင်း၊ ချစ်ကိုကိုထွေး၊ **ရှေ့တန်း**-ရဲဇော်ထက်အောင်၊ သန့်ဇင်ဦးနှင့် မြတ်မင်းသူ တို့ ပါဝင်ကြသည်။

ကစားရမည်

မြန်မာအသင်းသည် နိုဝင်ဘာ ၁ ရက်တွင် မလေးရှားအသင်း၊ ၃ရက်တွင် ဖိလစ်ပိုင်အသင်း၊ ၆ရက်တွင် တရုတ်အသင်း၊ ၈ရက်တွင် မြောက်ကိုရီးယားအသင်း၊ ၁၁ရက်တွင် ဂူအမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ-ကိုရီးယားဒီမိုကရက်တစ် ယူ-၁၆ အမျိုးသမီးဘောလုံး ချစ်ကြည်ရေးခြေစမ်းပွဲ တစ်ဂိုးစီသရေကျခဲ့

ရန်ကုန် အောက်တိုဘာ ၂၀

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ကိုရီးယားဒီမိုကရက်တစ် ယူ-၁၆ အမျိုးသမီးအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲ ဒုတိယပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ကျင်းပရာ တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ချေပဂိုး

ကိုရီးယားဒီမိုကရက်တစ် ယူ-၁၆ အမျိုးသမီးအသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲပီပီ ကစားသမားများ အတွေ့အကြုံရရှိရေးကိုသာ ဦးစားပေးကစားသွားခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းက ကစားကွက်အသာဖြင့် ကစားနိုင်ခဲ့ပေမည့် ဒုတိယပိုင်းတွင် ကိုရီးယားအသင်းက ပြန်ဖိကစားနိုင်ခဲ့သည်။ ဂိုးများကို ၈၉မိနစ်တွင် ကင်ကုကျောင်က ကိုရီးယားအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး မိနစ်၉၀တွင် အေးနန္ဒာလှိုင်က ပယ်နယ်တီဂိုးဖြင့် ချေပဂိုးပြန်သွင်းခဲ့ခြင်းဖြစ်သည်။ ။

ယနေ့ပွဲ

ညနေ ၄ နာရီ

သုဝဏ္ဏကွင်း

MNL အမှတ်ပေးပြိုင်ပွဲ

ဒယ်လ်တာယူနိုက်တက် - ရတနာပုံ

(မြန်မာ့အလင်း)

အောက်တိုဘာ ၁၈ ရက်က ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် Myanmar ICT Exhibition 2009 တွင် ထည့်သွင်းကျင်းပသည့် ROG (Pro Street) ကားမောင်းဂိမ်းပြိုင်ပွဲတွင် ပထမဆု ကျပ်သုံးသိန်းရရှိသည့် ချမ်းငြိမ်းအောင်၊ ဒုတိယဆု ကျပ်နှစ်သိန်းရရှိသည့် ကျော်ကျော်မိုး၊ တတိယဆု ကျပ်တစ်သိန်းရရှိသည့် ရဲဟိန်းတို့အား Golden Power Technology မှ တာဝန်ရှိသူတို့က ဆုများပေးအပ်စဉ်။ (ကွန်ပျူတာလုပ်ငန်းရှင်အသင်း)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဆီဆိုင်၌ အလုပ်သမားဥပဒေရှင်းလင်း

အလုပ်သမားဥပဒေနှင့် နည်းဥပဒေများရှင်းလင်းပွဲကို ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး လှကြွယ်က အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမျိုးမြင့်က အလုပ်သမားဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းသည်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်းတွင် ဆားများ၌အိုင်အိုဒင်းပါဝင်မှုစစ်ဆေး

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်းရောင်းချလျက်ရှိသော အိမ်သုံးဆားများတွင်ကျန်းမာရေးကို အထောက်အကူပြုစေသောအိုင်အိုဒင်းဓာတ်ပါဝင်မှုရှိမရှိကို စက်တင်ဘာ ၁၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ငွန်ကီး ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဒေါက်တာနွယ်နွယ်ဝင်းနှင့် ဝန်ထမ်းများ စုပေါင်း၍ အိမ်သုံးဆား အရောင်းဆိုင်များကို စစ်ဆေးကြသည်။ (မြို့နယ်စည်ပင်)

အမရပူရ၌ ရွာဂုဏ်ရည်စာကြည့်တိုက်ဖွင့်

မန္တလေးတိုင်း အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု သရက်တန်းကျေးရွာမှ ရွာသူရွာသားများနှင့် အလှူရှင်များစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ရွာဂုဏ်ရည်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၉ရက်က အဆိုပါအဆောက်အအုံသစ် စာကြည့်တိုက်၌ကျင်းပရာ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝ၈ဝ)

ညောင်ရွှေမြို့လှပရေး တည်ဆောက်ပြုပြင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က အပန်းဖြေအဆောင် ဖောင်တော်ပြန် ဧည့်ရိပ်သာ အဆောင်ပြင်ဆင် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်ပေးသည်။ (ဝ၂၁)

ပူတာအို၌ တုပ်ကွေးကာကွယ်ရေးပညာပေးဟောပြော

ပူတာအိုမြို့နယ်တွင် ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ခြင်းအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ရက်က ဖုန်ကန်ရာဇဝီခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး (UNDP) ဒုတိယကြီးကြပ်ရေးမှူး ဦးစန်းငွေက ကမ္ဘာ့လူတုပ်ကွေးသိကောင်းစရာနှင့် ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဒေါက်တာမျိုးမြင့်စိုးက တုပ်ကွေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။ (ခရိုင် ပြန်/ဆက်)

ပေါင်းတလည် အထက အာစရိယပူဇော်ပွဲ

ပေါင်းတလည်အထက ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက်တွင်ကျင်းပမည်ဖြစ်ရာ အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ပါရန်နှင့်အလှူငွေထည့်ဝင်လိုသူများသည် ဦးဝင်းဆွေ ဖုန်း-၀၉-၅၀၁-၆၀၉၅၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၀၀-၂၆၈၂၊ ဦးထင်မင်းသူ ဖုန်း ၀၉-၅၃၆-၃၆၃၆၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၃၁-၀၁၄၇၊ ဦးနိုင်နိုင်တင် ဖုန်း-၀၉-၅၃၁-၁၂၁၂၊ ဦးရဲမြင့်ဇော် ဖုန်း-၀၉-၅၃၁-၂၁၄၃နှင့် ဦးမျိုးဝင်းဇော် ဖုန်း-၀၉-၅၃၁-၂၅၀၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ခရိုင် ပြန်/ဆက်)

သာစည်မြို့မဈေး၌ အိုင်အိုဒင်းဆားစစ်ဆေး

သာစည်မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော ကုန်မျိုးစုံဆိုင်များတွင် အိုင်အိုဒင်းဆားများ ရောင်းချမှု ရှိမရှိကို စက်တင်ဘာ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူးဦးမောင်တိုးနှင့်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ တစ်ဆိုင်ချင်းဝင်ရောက် စစ်ဆေးကြသည်။ (ဝ၉၄)

ကမ္ဘာ့ဆရာများနေ့ မိုင်းပျဉ်း၌ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၁၅ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ အထက ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့်သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူးဒေါ်သက်ထားက အမှာစကားပြောကာကမ္ဘာ့ဆရာများနေ့ဖြစ်ပေါ်လာပုံနှင့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးများအကြောင်းကို ဆရာစိုင်းခမ်းလီနှင့် ဆရာမ ဒေါ်ဖြူဖြူဝင်းတို့က ရှင်းလင်းဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

နောင်မွန်တွင် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

နောင်မွန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး ရပ်ဘော့အခြေခံပညာအလယ်တန်းကျောင်း၌ စက်တင်ဘာ ၄ရက်က စာဖတ်ဝိုင်းကျင်းပရာ ကျောင်းသားကျောင်းသူများက ချစ်နိုင်(စိတ်ပညာ) ရေးသားသော ရေလောင်းကြပါစို့နှင့် အဟုတ်ဖြစ်ရမည် ဆောင်းပါးကိုဖတ်ရှုကြပြီး မြို့နယ်ဦးစီးမှူး ဦးဖုန်းဒီးဒီးနှင့် ကျောင်းအုပ်ကြီး ဦးတင်ဆန်းတို့က စာဖတ်ခြင်းအကျိုးကို ဟောပြောကာ ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ပုလောမြို့၌ ရေပေးဝေရေး ဆောင်ရွက်

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် စက်တင်ဘာ ၂၂ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေး ရေလှောင်ကန်မှ ရေပေးဝေရေးဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့က ရှင်းလင်းတင်ပြခဲ့သည်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် အောက်တိုဘာ ၂၆ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ၌ကျင်းပသည့် ဖားကန့်-ဆိပ်မူ-လုံးခင်းဒေသ ယာဉ်တင်တယ်လီဖုန်း(CDMA 450) စနစ်ဖွင့်ပွဲတက်ရောက်ရာ အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသန်းအောင်နှင့် မိုဘိုင်းလ်ဆက်သွယ်ရေး အင်ဂျင်နီယာချုပ် ဦးသိန်းဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် အသစ်တပ်ဆင်ထားရှိသည့် CDMA 450 စက်ခန်းကို ကြည့်ရှုစစ်ဆေး၍ အဝေးဆက်သွယ်မှုများ စမ်းသပ်ခေါ်ဆိုသည်။

ထို့နောက် ဖားကန့်မြို့ ဥရုရတနာခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လုံးခင်းကျေးရွာရှိ ဆက်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဆားမော်နှင့် ပင်းဘောကျေးရွာ၌ ကျင်းပသည့် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) အော်တိုအိတ်ချိန်းစက်ခန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဟိုပင်မြို့၌ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့ဝင်များနှင့်လည်းကောင်း၊ မိုးညှင်းမြို့၌ မြို့နယ်နှင့် ကျေးရွာများမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်လည်းကောင်းတွေ့ဆုံပြီး မိုးညှင်းမြို့ အထွေထွေရောဂါကုဆေးရုံကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် အောက်တိုဘာ ၂၇ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံ မြို့သစ်သို့ရောက်ရှိပြီး ရတနာပုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာစီမံကိန်းဧရိယာအတွင်း တည်ဆောက်ရေးလုပ်ငန်းဆောက်လုပ်ထားရှိမှုများနှင့် လမ်းများဖောက်လုပ်ထားရှိမှု၊ ရတနာပုံမြို့သစ် Soft Base Factories နေရာ၌ ကုမ္ပဏီများက စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း စက်ပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက် အချိန်မီပြီးစီးအောင် ဆောက်လုပ်ကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ရတနာပုံတယ်လီပို့ အစည်းအဝေးခန်းမ၌ ရတနာပုံတယ်လီပို့ကုမ္ပဏီမှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာများ၊ ရတနာပုံမြို့သစ်၌ ရင်းနှီးမြှုပ်နှံနေကြသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ခင်းကျင်းပြသထားသည့် Wi Fi ကွန်ရက် စမ်းသပ်ဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များမှာ ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် တတိယဆုရ မောင်နီမှိုင်း (ကျောက်တန်း) ရေးသားသည့် အမေနေတဲ့ရွာကလေးနှင့် အခြားကဗျာများစာအုပ်နှင့် ကလေးစာပေ တတိယဆုရမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်) ရေးသားသည့် ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာနှင့် အခြားဝတ္ထုတိုများ စာအုပ်တို့ဖြစ်သည်။

အဆိုပါ စာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင်အမှတ်(တ-၅၅)သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန် စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံဆက်သွယ်ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကံမမြို့၌ အမြင်သစ်စာကြည့်တိုက်ဖွင့် ငွေပဒေသာပင်နှင့်စာအုပ်များလှူဒါန်း

ကံမ အောက်တိုဘာ ၃၀

သရက်ခရိုင် ကံမမြို့နယ် ထန်းကောက်အုပ်စု ထန်းကောက်ကျေးရွာ အမြင်သစ်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ ခရိုင်အသင်းတွဲဖက်အမှုဆောင် ဦးဝင်းနိုင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်ရုံးချုပ်မှ ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဆွေးနွေးသည်။ လှူဒါန်းပွဲကျင်းပရာမြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက် ငွေပဒေသာပင် ကျပ်တစ်သောင်းနှင့်ငွေကျပ်တစ်သောင်းတန် ရေဒီယိုတစ်လုံး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က စာအုပ်မျိုးစုံ အုပ်၁၀၀၊ မြို့နယ်အသင်းက စိမ်းလဲ့ရွှေပြည်နှင့် ရွှေနိုင်ငံဂျာနယ် အစောင်၁၀၀၊ မြို့နယ်ဌာနဆိုင်ရာများက စာအုပ်မျိုးစုံအုပ်၁၀၀၊ အုပ်စုဥက္ကဋ္ဌက ငွေကျပ်သုံးသောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၅၁အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူး ဦးစိန်တိုးက လက်ခံရယူသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ၁၈ပေ၊ အနံ ၂၄ပေ၊ သွပ်မိုး၊ အုတ်နံကပ်အမျိုးအစား အဆောက်အအုံ ဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း ၃၀ခန့် ကုန်ကျကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

Tip Top အမှတ်တံဆိပ် အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများ ဖြန့်ချိပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

Lucky Choice Co., Ltd.က မြန်မာတစ်နိုင်ငံလုံး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင်သွင်းဖြန့်ချိထားသောအာရပ်စော်ဘွားများနိုင်ငံ (UAE)နိုင်ငံထုတ် Tip Top အမှတ်တံဆိပ်အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများကို ဖြန့်ချိလျက်ရှိသည်။ ဝယ်ယူအားပေးကြသော ကိုယ်စားလှယ်များနှင့် သုံးစွဲသူများအတွက် ကျေးဇူးတုံ့ပြန်သောအနေဖြင့် ငွေကျပ်သိန်းပေါင်း ၁၅၀၀ကျော်တန်ဖိုးရှိ ခဲခြစ်ကံစမ်းမဲငွေသားဆုများအပြင် TV,EVD စက်များစွာ ထည့်သွင်းပေးထားသည်။

စက်တင်ဘာလအတွင်း TV ကံထူးရှင်၄၀နှင့် EVD ကံထူးရှင် ၂၀၀တို့အား ကုမ္ပဏီရှိ တာဝန်ရှိသူများက ကံထူးသူများထံ လိုက်လံချီးမြှင့်ပြီး(**ယာပုံ**)ငွေသားဆုငွေများကိုလည်းထုတ်ပေးလျက်ရှိသည်။ Promotion ကာလကို ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားသည်။

Lucky Choice Co., Ltd.,မှ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ဘရိတ်ဆီ၊ အမဲဆီနှင့် ဟိုက်ဒရောလစ်ဆီ 0.7 Liter, 1 Liter, 4 Liter, 5 Literနှင့် 25 Liter ဘူးသေးများအပြင်200 Literပါ တိုင်ကီများဖြင့်လည်း ဝယ်ယူအားပေးနိုင်သည်။

ဆက်သွယ်ရန်လိပ်စာမှာ အမှတ်(၃၁ ဘီ) နှောင်ရိုးလမ်း တက်လမ်းအိမ်ရာ ဘုရင့်နောင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၈၆၀၆၆၆၊ ၆၈၆၀၆၄၊ ၀၉ ၅၀-၈၃၁၂၂၊ ၀၉-၈၆-၂၀၁၄၂၊၀၉-၈၆၂၀၁၃၃ နှင့် အမှတ်(စ/၃၇)၊ ကျွဲဆည်ကန် ၆လမ်း၊ ချမ်းမြသာယာရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၀၄၁၂၊ ၀၉-၆၈၀-၄၁၅၀၊ ၀၉-၂၀၅-၅၈၃၀တို့မှ နိုင်ငံတစ်ဝန်း ဖြန့်ချိလျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်း အရောင်း ကိုယ်စားလှယ်များဖြစ်သော ကိုမျိုးမြင့်(ရင်းငြိမ်ပေါင်မြို့) ဖုန်း-၀၉-၈၇၂-၀၆၁၇၊ မိဘမေတ္တာ(သထုံမြို့) ဖုန်း-၀၅၇-၄၀၆၁၉၊ ၀၉-၈၇-၀၁၁၉၄၊ ကိုမိုးခိုင်စိုး (ကန်တော်လေးကားပစ္စည်းဆိုင်မကွေးမြို့)ဖုန်း-၀၆၃-၂၅၈၀၈၊ ၀၉-၆၅၆-၀၂၆၅၊ ၀၉-၅၃၄-၀၁၆၇၊ ဘိုဘိုတာ (နေပြည်တော်လယ်ဝေး) ဖုန်း-၀၆၇-၃၀၇၅၃၊ ၃၀၁၃၀၊ အနန္တဂုဏ်ဂျပန်ကားပစ္စည်းဆိုင် (ရွှေဘိုမြို့) ဖုန်း-၀၇၅-၂၂၁၈၈၊ ၀၉-၂၀၁-၇၁၇၆၊ ဦးကိုကိုမြတ် (မုံရွာမြို့) ဖုန်း-၀၇၁-၂၅၂၅၅၊ ၂၅၉၅၉၊ ၀၉-၂၀၃-၄၈၃၉၊ ၀၉-၂၁၃-၀၄၇၇၊ ကိုခင်မောင်ရွှေ(ပခုက္ကူမြို့) ဖုန်း-၀၆၂-၂၉၁၇၆၊ ၀၉-၂၃၀-၁၁၇၆၊ ဦးခင်မောင်သန်း(ကျောက်မီးမြို့) ဖုန်း-၀၉-၂၀၂-၀၇၉၃၊ ဦးကြည်ငြိမ်း(တောင်ကြီးမြို့) ဖုန်း-၀၈၁-၂၂၈၂၇၊ ၀၉-၅၂၄-၁၁၁၈၊ ဦးတင်ဝင်း (လွိုင်ကော်မြို့) ဖုန်း-၀၉-၅၆၀-၁၂၀၀စသည့် အရောင်းကိုယ်စားလှယ်များထံတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်းကမ်းတကျပြေးဆွဲနေသော နေပြည်တော်မှ မော်တော်ယာဉ်များ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ —— ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) —— စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၃၀ (ဖက်စ်)

နေပြည်တော်တွင် ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ပြေးဆွဲနေသော မော်တော်ယာဉ်များ တစ်နေ့တခြား များပြားလာသည်။ ကျယ်ဝန်းဖြောင့်ဖြူးသော ကားလမ်းများပေါ်တွင် မော်တော်ယာဉ်ပေါင်းစုံ ဥဒဟိုပြေးဆွဲမောင်းနှင်နေသည်ကို တွေ့ရသည်။ နေပြည်တော်အတွင်း မော်တော်ယာဉ်များ တိုးတက်များပြားလာမှုက နေပြည်တော်၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစည်ပင်လာမှုကို ဖော်ပြနေသည်။

“နေပြည်တော်အတွင်း မော်တော်ယာဉ်များပြေးဆွဲမှု တိုးတက်များပြားလာပြီ ဖြစ်ပါတယ်”

ဦးစိန်ဝင်းလှိုင်
ဦးစီးမှူး
နေပြည်တော်ခရိုင်
ပို့ဆောင်ရေးစီမံကိန်း။

တွေ့ဆုံမေးမြန်း

နေပြည်တော်အတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်များနှင့် ပတ်သက်ပြီး သိရှိရန် မြန်မာ့အလင်း သတင်းအဖွဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန နေပြည်တော်ခရိုင် ပို့ဆောင်ရေးစီမံကိန်းသို့ သွားရောက်ကာ နေပြည်တော်ခရိုင် ပို့ဆောင်ရေး စီမံကိန်းဦးစီးမှူး ဦးစိန်ဝင်းလှိုင်နှင့် တွေ့ဆုံ မေးမြန်းခဲ့သည်။

“နေပြည်တော် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းတွေ တိုးတက်များပြားလာပြီဖြစ်လို့ ခရီးသည်တွေလည်း အဆင်ပြေစွာ သွားလာနိုင်ကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့နေပြည်တော် ခရိုင် ပို့ဆောင်ရေးဦးစီးဌာနအနေနဲ့ကတော့ မော်တော်ယာဉ် လုပ်ငန်းလိုင်စင် အမျိုးအစားတွေကို အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း၊ ဖျက်သိမ်းခြင်း၊ ပြောင်းလဲခြင်းလုပ်ငန်းတွေကိုဆောင်ရွက်ပေးရသလို ထုတ်ပေးထားတဲ့ လုပ်ငန်းလိုင်စင်အမျိုးအစားတွေနဲ့အညီ ယာဉ်တွေ စည်းကမ်းတကျ ပြေးဆွဲခြင်း ရှိမရှိကိုလည်း ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း စတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ဦးစိန်ဝင်းလှိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နေပြည်တော်အတွင်း ပြေးဆွဲနေသော တော်ဝင်ဘတ်စ်ကားကြီးများ ပြေးဆွဲနေမှုကို ဤသို့ စနစ်တကျ ကြပ်မတ်စစ်ဆေးလျက်ရှိသည်။ (မြန်မာ့အလင်း)

လုပ်ငန်းလိုင်စင်

နေပြည်တော်အတွင်း ပြေးဆွဲမောင်းနှင်နေသည့် မော်တော်ယာဉ်များအား လုပ်ငန်းလိုင်စင်များ ထုတ်ပေးရာတွင် ဥပဒေနှင့် လွတ်ကင်းသည့် ကုန်ပစ္စည်းများကို နိုင်ငံတစ်ဝန်း သယ်ဆောင်ပေးနိုင်ခွင့်ရှိသည့် ‘က’ လုပ်ငန်းလိုင်စင်အမျိုးအစား၊ ခရီးသည်များအား သတ်မှတ် ခရီးစဉ်အတွင်း ပြေးဆွဲနိုင်သည့် ‘ခ’ လိုင်စင်အမျိုးအစား၊ ခွင့်ပြုခရီးစဉ်ပါ ခရီးသည်များအား ပို့ဆောင်ခွင့်ရှိသည့် စီးလုံးငှား (တက္ကစီ) ‘ဂ’ လုပ်ငန်းလိုင်စင်အမျိုးအစား၊ မူလသတ်မှတ်ထားသည့် ပဋိညာဉ်စာချုပ်အတိုင်းသာ ခွင့်ပြုသည့် လုပ်ငန်းလိုင်စင် ‘ဃ’ လုပ်ငန်းလိုင်စင် အမျိုးအစား၊ မိမိထုတ်လုပ်ရောင်းချသည့် ကုန်ပစ္စည်းများကိုသာ ပို့ဆောင်ခွင့်ရှိသည့် ‘င’ လုပ်ငန်းလိုင်စင် အမျိုးအစားနှင့် လိုင်စင်လျှော့က်ထားဆဲ ယာဉ်များ အရေးတကြီး သို့မဟုတ် အထူးပို့ဆောင်ရန်လိုအပ်သည့်ကိစ္စအတွက် ထုတ်ပေးသည့် ‘စ’ လုပ်ငန်းလိုင်စင် အမျိုးအစားတို့ ဖြစ်သည်။ နေပြည်တော်အတွင်းမှာ ပြေးဆွဲနေတဲ့ ခရီးသည်နှင့် ကုန်ပစ္စည်း သယ်ဆောင်နေကြတဲ့ ယာဉ်တွေအားလုံး စည်းကမ်း စနစ်တကျနဲ့ ပြေးဆွဲနေအောင် အမြဲတမ်း စစ်ဆေး ကြပ်မတ်ပေးနေပါတယ်။ အဝေးပြေး ခရီးသည် ပို့ဆောင်ရေး ယာဉ်လိုင်းတွေအနေနဲ့ကတော့ ရန်ကုန်နဲ့ မန္တလေးကို သွားလာတဲ့သူ များတဲ့အတွက် အခြားအဝေးပြေး ယာဉ်လိုင်းတွေထက် ယာဉ်အစီးရေ ပိုများပါတယ်။ နေပြည်တော်-ရန်ကုန် ခရီးစဉ်ဆိုရင် ယာဉ်လိုင်းပေါင်း ၂၀ ရှိပြီး နေ့စဉ် အများဆုံး ယာဉ် ၄၇ စီးနဲ့ ပြေးဆွဲနေပါတယ်။ နေပြည်တော်-မန္တလေး ခရီးစဉ်ဆိုရင်လည်း ယာဉ်လိုင်းပေါင်း ၁၀လိုင်းက တစ်ရက်ကို အများဆုံး ယာဉ်၁၄စီးအထိ ပြေးဆွဲနေပါတယ်”ဟု ဦးစိန်ဝင်းလှိုင်က မြန်မာ့အလင်းသို့ ဆက်လက် ရှင်းပြသည်။

နေပြည်တော်ပျဉ်းမနားမှ အဝေးပြေးယာဉ်များ စနစ်တကျ ပြေးဆွဲမှုကို စစ်ဆေးနေကြစဉ်။ (မြန်မာ့အလင်း)

နေပြည်တော်မှ အခြားမြို့များဖြစ်သည့် ပြည်၊ တောင်တွင်း၊ မကွေး၊ ညောင်ဦး၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ လားရှိုး၊ တောင်ကြီး၊ လွိုင်ကော် စသည့် မြို့များသို့လည်း ခရီးသည်နှင့် လောက်ငစွာ ယာဉ်များ ပြေးဆွဲပေးလျက်ရှိသည်။

နေ့စဉ်ပြေးဆွဲ

“နေပြည်တော်အတွင်း ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေကတော့ တော်ဝင်၊ ရွှေမြို့တော်၊ အားမာန်သစ်နဲ့ တောင်ညို စတဲ့ အဓိကယာဉ်လိုင်းတွေ ပြေးဆွဲပေးနေပါတယ်။ ယာဉ်လိုင်းအားလုံးကတော့ အချက်အချာကျတဲ့နေရာတွေကို သွားလာနိုင်အောင် မြို့ပတ်ခရီးစဉ်တွေ ပတ်လည် ပြေးဆွဲလျက်ရှိပါတယ်။ အထူးသဖြင့် နေပြည်တော်ဘူတာကြီးကို ခရီးသည်တွေ လျင်မြန်စွာသွားလာနိုင်ရေးအတွက် နေပြည်တော် ဝန်ထမ်းအိမ်ရာတွေ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ မင်္ဂလာဈေး၊ စည်ပင်ရိပ်သာ၊ နေပြည်တော် ပျဉ်းမနား မြို့မဈေး၊ ရွှေညောင်ပင်လမ်းဆုံ၊ ဘောဂသီရိ အဝေးပြေးကားကွင်း၊ အာဟာရသုခဈေး၊ ပင်လောင်းလမ်းဆုံ၊ သိုက်ချောင်း စတဲ့ နေရာမျိုးစုံမှ မော်တော်ယာဉ်တွေကို နေ့စဉ်ပြေးဆွဲစေလျက်ရှိပါတယ်”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆင်ပြေချောမွေ့

နေပြည်တော်အတွင်း နေ့စဉ် ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းများနှင့် ကားအစီးအရေအတွက်ကို ကြည့်လျှင် တော်ဝင်လိုင်းတွင် ၆၅ စီး၊ အားမာန်သစ်လိုင်းတွင် ယာဉ်အစီးရေ ၁၀၀၊ တောင်ညိုလိုင်းတွင် ယာဉ်အစီးရေ၄၁စီးနှင့် ရွှေမြို့တော်လိုင်းတွင် မော်တော်ယာဉ် အစီးရေ ၁၂၀ ခန့်ရှိရာ နေပြည်တော်အတွင်း ခရီးသွားလာရေးအတွက် တစ်နေ့တခြား အဆင်ပြေချောမွေ့လျက်ရှိနေသည်ကို တွေ့ရသည်။

ပိုမိုမြင့်တက်

ထို့ကြောင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီမှ အောက်တိုဘာလအထိ အဝေးပြေး ခရီးသည် ပို့ဆောင်နိုင်မှု ဦးရေမှာ ၇၂၆၀၃၄ဦးနှင့် မြို့တွင်း ခရီးသည် ပို့ဆောင်နိုင်မှု ဦးရေမှာ ၄၁၅၉၀၃၀ ဦးအထိ ရှိလာသည်။ နေပြည်တော်အတွင်း သွားလာမှု ပိုမိုစည်ကားလာသလို မော်တော်ယာဉ်ပြေးဆွဲမှု ပိုမိုမြင့်တက်လာသည်ကို ပြသလျက်ရှိသည်။

များပြားလာ

နေပြည်တော်အတွင်း မော်တော်ယာဉ်ပြေးဆွဲမှုက များပြားလာပြီဖြစ်သလို နေပြည်တော်မှ နိုင်ငံတစ်ဝန်းသို့ ခရီးသွားလာမှုလည်း လွယ်ကူမြန်ဆန်ကာ အဆင်ပြေချောမွေ့နေပြီဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

အဝေးပြေးမော်တော်ယာဉ်ကြီးများ ပြေးဆွဲမှု စနစ်တကျဖြစ်စေရန် ဤသို့ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ (မြန်မာ့အလင်း)

နေပြည်တော်မှ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများသို့ နေ့စဉ်ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်ကြီးများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နေပြည်တော်မှ အခြားမြို့များဖြစ်သည့် ပြည်၊ တောင်တွင်း၊ မကွေး၊ ညောင်ဦး၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ လားရှိုး၊ တောင်ကြီး၊ လွိုင်ကော် စသည့် မြို့များသို့လည်း ခရီးသည်နှင့် လောက်ငစွာ ယာဉ်များ ပြေးဆွဲပေးလျက်ရှိသည်။

းမြို့များ
၊ မကွေး၊
၊ မုံရွာ၊
ပြိုင်ကော်
သည်နှင့်
ပြိုင်းဆွဲပေး
ပြိုင်ဆွဲနေ
တော်ဝင်၊
တောင်ညို
ပြေးဆွဲ
းလုံးက
ရာတွေကို
ချိန်စဉ်တွေ
ပါတယ်။
တာကြီး
သွားလာ
ဝန်ထမ်း
ပြေကုန်း
ရိပ်သာ၊
မြို့မဈေး၊
ဘာဂသီရိ
ာရသုခ
က်ချောင်း
ယာဉ်တွေ
ပါတယ်"
ပြသည်။
နေ့စဉ်
ယာဉ်လိုင်း

များနှင့် ကားအစီးအရေအတွက်ကို ကြည့်လျှင် တော်ဝင်လိုင်းတွင် ၆၅ စီး၊ အားမာန်သစ်လိုင်းတွင် ယာဉ်အစီးရေ ၁၀၀၊ တောင်ညိုလိုင်းတွင် ယာဉ်အစီးရေ၄၁စီးနှင့် ရွှေမြို့တော်လိုင်းတွင် မော်တော်ယာဉ် အစီးရေ ၁၂၀ ခန့်ရှိရာ နေပြည်တော်အတွင်း ခရီးသွားလာရေးအတွက် တစ်နေ့တခြား အဆင်ပြေချောမွေ့လျက် ရှိနေသည်ကို တွေ့ရသည်။

ပိုမိုမြင့်တက်

ထို့ကြောင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီမှ အောက်တိုဘာလအထိ အဝေးပြေးခရီးသည် ပို့ဆောင်နိုင်မှု ဦးရေမှာ ၇၂၆၀၃၄ဦးနှင့် မြို့တွင်း ခရီးသည် ပို့ဆောင်နိုင်မှု ဦးရေမှာ ၄၁၅၉၀၃၀ ဦးအထိ ရှိလာသည်။ နေပြည်တော်အတွင်း သွားလာမှု ပိုမိုစည်ကားလာသလို မော်တော်ယာဉ်ပြေးဆွဲမှု ပိုမိုမြင့်တက်လာသည်ကို ပြသလျက်ရှိသည်။

များပြားလာ

နေပြည်တော်အတွင်း မော်တော်ယာဉ်ပြေးဆွဲမှုက များပြားလာပြီဖြစ်သလို နေပြည်တော်မှ နိုင်ငံတစ်ဝန်းသို့ ခရီးသွားလာမှုလည်း လွယ်ကူမြန်ဆန်ကာ အဆင်ပြေချောမွေ့နေပြီဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ယာဉ်ကြီးများ ပြေးဆွဲမှု စနစ်တကျဖြစ်စေရန် ...ပ်လျက်ရှိသည်။ (မြန်မာ့အလင်း)

းမြို့များဖြစ်သည့် ...ကွေး၊ ညောင်ဦး၊ ...မုံရွာ၊ လားရှိုး၊ ...စသည့် မြို့များ ...လောက်စွာ ...ျက်ရှိသည်။

ကြည့်ရှုအားပေး

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် ၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဖလား အသက် (၂၁)နှစ်နှင့် အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ) အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ *ကျောဖုံးမှ*

တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ အကဲဖြတ်ဒိုင်များ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနိုင်ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တတိယဆုရ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ တပ်မတော်(လေ)အသင်းနှင့် ပထမဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့အား ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ငွေသားဆုများကိုလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများနှင့် အသန့်ရှင်းဆုံး အသင်းဆုရ တပ်မတော်(လေ)အသင်းတို့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဖလားဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဖလားနှင့် ကိုယ်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ကြို့ပင်ကောက်မြို့နယ် ကျောင်းသားဟောင်းများ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ကြို့ပင်ကောက်မြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကြို့ပင်ကောက်မြို့ (အထက)တွင် ဒီဇင်ဘာ ၂၆ ရက်၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများအား လှူဒါန်းကုသိုလ်ပြုလိုသူ တပည့်ဟောင်းများသည် ကြို့ပင်ကောက်မြို့နယ် အသင်းအလုပ်အမှုဆောင်များဖြစ်ကြသော ဦးတင်မြင့် ဖုန်း-၆၄၄၄၁၃၊ ဦးဝမ်းလှိုင် ဖုန်း-၅၁၆၄၀၁၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁-၂၉၁၆၉၊ ဦးထွေး ဖုန်း-၀၉-၅၄-၀၀၈၅၇၊ ဦးစိုးမြင့် ဖုန်း-၇၂၈၀၃၅၊ ဦးထွန်းမြင့် ဖုန်း-၃၉၂၁၆၄တို့သို့ နိုဝင်ဘာလ တတိယပတ်မတိုင်မီ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် (အဖိတ်နေ့)
၃၁-၁၀-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားဖို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချို့အေးမင်္ဂလာတေး
၇:၅၅	၆။	ကဗျာပန်းဥယျာဉ်
၈:၁၅	၇။	တန်ဆောင်တိုင်တေးများ
၈:၃၀	၈။	International News
၈:၃၅	၉။	Crossroads Cafe (Episode-1) (Opening Day)

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၀	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၄၁)
၁၃:၅၀	၆။	တန်ဆောင်တိုင်တေးများ
၁၄:၀၀	၇။	**တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) သွားလိုက်ကြစို့ တူပျော်ပျော်** (အပိုင်း-၁)
၁၄:၁၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၄:၂၀	၉။	**အရည်အသွေးမီထုတ်လုပ်ထားကြွေရည်စိမ်ပစ္စည်းများ**
၁၄:၃၅	၁၀။	International News

ညပိုင်း

၃:၄၅	၁။	Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဒယ်လ်တာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း)**
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	အလှရှာမယ် လှကမ္ဘာဝယ်
၆:၄၀	၆။	ယဉ်တစ်ကိုယ်မယ် **ချစ်သူ့အဖြေ** ကောင်းစည်သူ၊ ယဉ်သူထိုက် (ဒါရိုက်တာ-ခေတ်ဘုန်းမို)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၁၇)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၂။	ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၅၅)
	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဦးကဗျာချစ်သံသာ** (အပိုင်း-၇)
	၁၄။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၅။	အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ရင်သားကင်ဆာအန္တရာယ်လျော့စေသည့် သစ်ကြားသီး

သစ်ကြားသီးစားခြင်းဖြင့် ရင်သားကင်ဆာဖြစ်ပွားမည့် အန္တရာယ်ကို လျော့ပါးသွားစေကြောင်း သုတေသီများက အကြံပြုသည်။

သစ်ကြားသီးတွင် အိုမီဂါ-၃ ဖက်တီးအက်စစ်၊ ဓာတ်တိုးပစ္စည်း ဆန့်ကျင်ရေးကဲ့သို့သော ရင်သားကင်ဆာရောဂါအန္တရာယ် လျော့နည်းစေသည့် အရာများ ပါဝင်သည်။

အရေးပါ

သစ်သီးနှင့် ဟင်းသီးဟင်းရွက် ကြွယ်ဝစွာပါသည့် ကျန်းမာရေးမျှတစေသည့် အစားအာဟာရသည် ကင်ဆာရောဂါအမျိုးအစား အများအပြားဖြစ်မည့် အန္တရာယ်ကို လျော့ချရာ၌ အရေးပါသည့်အခန်းမှပါဝင်ကြောင်း တွေ့ရသည်ဆို၏။

ကာကွယ်

ကျန်းမာရေးမျှတစေသည့် အာဟာရမှာ နာတာရှည်ရောဂါ လက္ခဏာများကို ယေဘုယျ ကာကွယ်ပေးသည်ဟုလည်း သုတေသီ ဒေါက်တာအယ်လိန်းဟတ်မင်း (မာရှယ်ဆေးသိပ္ပံ)က ပြောဆိုသည်။

သစ်ကြားသီးကဲ့သို့သော အခွံမာအသီးများ စားခြင်းဖြင့် ကင်ဆာရောဂါ အကာအကွယ်ရရှိရုံမျှမက နှလုံးရောဂါအန္တရာယ်မှလည်း အကာအကွယ်ပေးကြောင်း တွေ့ရသည်ဟု ဗြိတိသျှ အာဟာရဖောင်ဒေးရှင်းမှ သိပ္ပံပညာရှင် အဲနာဒင်နီက ကြိုတင်ဝေဖန် ပြောဆိုသည်။ ။

အလုံမြို့နယ် မူလတန်းကြိုကျောင်း၌ အောက်တိုဘာ ၂၃ ရက်က ပြုလုပ်သော ဉာဏစွမ်းရည်ပြိုင်ပွဲတွင် သားငယ်သမီးငယ်လေးများက ကျောင်းသီချင်းဖြင့် သီဆိုယှဉ်ပြိုင်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း မူခင်းကျဆင်းရေး ပြည်သူလူထုသို့ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၉ရက်က တာမွေလေးရပ်ကွက် သာယာရွှေပြည်လမ်းရှိ ဖြိုးမေတ္တာမွှာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်းက မူခင်းများ လျော့နည်းကျဆင်းပပျောက်ရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး ဟောပြောစဉ်။ (၁၇၁)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၀-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ကုသိုလ်ဂုဏ်သိမ် လူ့အရိုန် တရားတော်** ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာ ဘိဝံသ
၆:၄၅	ဖူးမည်အမှန်…ထူးမည်ဧကန်…မာရ်ငါးမာရ်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ**(အပိုင်း-၆)
၈:၃၀	Sports World (Air Race)
၈:၅၅	ရွှေနန်းဆန်ဆန်၊ ပုဂံဟန်ပန်၊ Aureum Palace အသွင်သဏ္ဌာန်
၉:၂၀	Global Panorama ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ
၁၀:၂၅	ကျေးဇူးတင်တယ်သူငယ်ချင်း
၁၀:၅၀	Activities in the City (ဧည့်လမ်းညွှန် စုပေါင်းကထိန် သင်္ကန်းကပ်လှူပွဲ)
၁၁:၀၀	ရတနာကိုးသွယ် စီကာသခြယ်
၁၁:၂၅	သွားမယ်စားမယ်၊ (Shiki-Tei)
၁၁:၅၅	မေတ္တာ စိမ့်စမ်း မခန်းလေသူ…
၁၂:၁၅	ပြောင်းလဲလာမည့် … သင့်ကမ္ဘာ
၁၂:၃၀	ယုံကြည်မှုဖြင့်…Spa My Way
၁၂:၄၅	ပူဇော်လှူဒါန်းကြသင်္ကန်း
၁:၀၀	**ကုသိုလ်ဂုဏ်သိမ် လူ့အရိုန် တရားတော်** ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာ ဘိဝံသ
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Yuzana Bridal Show-1)
၃:၄၀	Activities in the City (ဧည့်လမ်းညွှန်စုပေါင်းကထိန် သင်္ကန်းကပ်လှူပွဲ)
၃:၅၀	ပြောင်းလဲလာမည့်…သင့်ကမ္ဘာ
၄:၀၅	ကျေးဇူးတင်တယ် သူငယ်ချင်း
၄:၃၀	ပန်းချီပြခန်း (မှဒိတာပန်းချီပြပွဲ)
၄:၅၀	ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
၅:၂၀	Celebrity Profile(Rain)
၆:၀၀	MRTV-4 သတင်း
၆:၂၀	အနုပညာမိုးကောင်းကင် Talent Show(Gitameit Voices)
၆:၄၅	အင်တာနက်လမ်းညွှန် Net Sky Cyber Cafe
၇:၀၅	Fashion Music Festival (Yuzana Bridal Show-1)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Celebrity Profile (Rain)
၉:၀၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၉:၂၅	Barclays Premier League Bolton Vs Chelsea
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၆)
၁၁:၅၅	Barclays Premier League Man Utd Vs Blackburn
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Arsenal - Tottenham	ESPN (Live)
၉:၂၅	Fulham - Liverpool	ESPN (Live)
	Bolton - Chelsea	Star Sports (Live)
၁၁:၃၀	Everton - Aston Villa	Star Sports (SDD)
၁၁:၅၅	Man Utd - Blackburn	ESPN (Live)

တန်ဆောင်သမယမြတ်ဒါန

သိမ့် (စီးပွားရေးတက္ကသိုလ်)

"မိုးအကုန် ဆောင်းအကူး ငွေနှင်းမှုန်လေးများ တဖွဲဖွဲ စတင်ဝင်ရောက်လာသော သာယာကြည်နူးဖွယ် ဟေမန္တကာလ"

"ကောင်းကင်ထက်ဝယ် ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုးအညစ်အကြေးငါးမျိုးမှ ကင်းစင်၍ လွန်စွာမှ ရွှန်းလဲ့တောက်ပသည့် ဗြိတ္တာရာသီ"

ထိုထိုသော သာမောတင့်တယ်အလှကြွယ်သည့် ရာသီကာလဝယ် ရှုလေရာ မြေပြင်ထက်နှင့် ချုံနွယ်များပေါ်ဝယ် ခဝဲပန်းတို့က အချင်းချင်း နွယ်ယှက်ပွင့်လန်း၍ ရာသီ၏ အလှပေါ်တွင် အယဉ်ဆင့်နေသလိုပင်။

ထို့ကြောင့်လည်း ဖိုးသူတော် ဦးမင်းက-

"သည်အချိန်ဆို ဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညာရင်းမှာ သင်းရနံ့ကြွယ်၊
ကောင်းကင်လယ် ထက်ဝယ်ဘုံဦး၊
ရွှေလစန္ဒာနှင့် ကြတ္တိကာကြယ် ပြောင်ရှန်းတယ်
ထွန်းထိန်လို့မြူး"ဟု ဆိုခဲ့ပေသည်။

တန်ဆောင်မုန်းလသည် မြန်မာတစ်ဆယ့်နှစ်ရာသီတွင် အဋ္ဌမမြောက်လဖြစ်ပြီး တာရာအားဖြင့် ကျီးမင်းတာရာ ဖြစ်ပါသည်။ တန်ဆောင်တိုင်လဟူသည် "ဆီမီးထွန်းညှိ တောက်ပစေသောလ"ဟု အဓိပ္ပာယ်ရပါသည်။ တန်ဆောင်မုန်းလကို ရှေးခေတ် ပုဂံကျောက်စာများတွင် "တန်ဆောင်မှုန်"ဟု ရေးသားထားပြီး အင်းဝခေတ်တွင်မူ "တန်ဆောင်မုန်း"ဟုပင် ခေါ်ဝေါ်သုံးစွဲကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနာနွယ်ဝင် မြန်မာတို့သည် တန်ဆောင်မုန်းလတွင် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို အာရုံယူမှန်း၍ ဗုဒ္ဓါနုဿတိပွားများကာ ဆီမီးရောင်ဖြင့် ပူဇော်မှုပြုကြပါသည်။ ဤအခါသမယဝယ် သာမညဖလသုတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ပဲ့သကူပစ်ပွဲတို့ကို ကျင်းပ ပူဇော်လေ့ရှိသဖြင့် တန်ဆောင်မုန်းလသည် မြတ်ဒါနပြုသော သာမယ (သို့တည်းမဟုတ်) ကုသိုလ်အစုစု ပြုရာကာလဟု ဆိုချင်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား သိက္ခာတော် ၂၀ကျော်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပါဝေယျကတိုင်းသား ရဟန်းများကို အကြောင်းပြု၍ "အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ကထိနံ၊ အတ္ထရိတုံ" ဆရာ၊ ဒကာ နှစ်ဦးစလုံးကို အကျိုးပေးစွမ်းသော ကထိန်သင်္ကန်းခင်းခြင်းအမှုကို ခွင့်ပြုတော်မူခဲ့ပါသည်။ ထိုအချိန်မှစ၍ ပရိယတ္တိ၊ ပဋိပတ္တိသာသနာပြု ရဟန်းသံဃာတော်များ သင်္ကန်းနွမ်းပါးမှု မဖြစ်ရလေအောင် နှစ်စဉ် နှစ်တိုင်း ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း၍ မြတ်သောဒါန ပြုခွင့်ကို ရရှိခဲ့ကြပါသည်။

ကထိန်ဟူသည် "ကထိန"ဟူသော ပါဠိဘာသာစကားမှ ဆင်းသက်လာပြီး" မြဲမြံခိုင်ခံ့ခြင်း"ဟူ၍ အဓိပ္ပာယ်ရပါသည်။ "ကထိန်"ဟု ခေါ်ရခြင်းမှာ အာနိသင်အကျိုးငါးပါး တစ်ပြိုင်နက် ရစေခြင်း၊ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းအပ်ခြင်း၊ ကထိန်ခင်း၍ အာနိသင်ရသော ရဟန်းတော်တို့မှာ ကထိန်ခင်းသောနေ့မှ ငါးလခန့် အကျိုးတရားငါးပါး မြဲမြံစွာရခြင်းတို့ကြောင့် ဖြစ်ကြောင်း မှတ်သားရပါသည်။ ကထိန်သင်္ကန်းသည် တစ်နှစ်တွင်တစ်လ တစ်လလျှင်တစ်ကြိမ်သာ ပြုရသည့် ထူးခြားသော ကာလဒါနဖြစ်ပါသည်။ ကထိန်သင်္ကန်း ကပ်လှူနိုင်သော ကာလမှာ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိသာ ဖြစ်ပါသည်။

သို့ပါ၍ မဃဒေဝလင်္ကာသစ်၌ မန်လည်ဆရာတော်က-

"ထို့ပြင်နောက်မှာ
နှစ်ရာကျော်ပြား
နှစ်ဆယ့်ငါးဖြင့်
ရက်ပွားရောက်လွန်
ဆုံးစွန်ဝဿ၊ သရဒဟု
မိုးလကုန်ဆဲ
ကထိန်ပွဲနှင့်...."ဟူ၍

အတာကူးပြောင်းပြီး ၂၂၅ ရက်မြောက်သော တန်ဆောင်မုန်းလ၊ မိုးဥတုအဆုံး "သရဒဥတု"အချိန်အခါ၌ ကထိန်ပွဲများ ကျင်းပကြောင်း ဖော်ကျူးခဲ့သည်။

မသိုးသင်္ကန်းကပ်လှူခြင်းသည် ကထိန်အလှူမှ ထပ်ဆင့် ပေါ်ပေါက်လာသော ဒါနပြုပွဲဖြစ်သည်။ ကထိန်သင်္ကန်းလှူဒါန်းရာတွင် သံဃာတော်များကို ကိုယ်တိုင်ချုပ်ဆိုးထားသော သင်္ကန်းအား ညအိပ် မသိမ်းဆည်းဘဲ လှူဒါန်းသောနေ့ အရုဏ်မတက်မီ သင်္ကန်းချုပ်ဆိုးမှုနှင့် အပ်နှင်းမှုများအား ပြီးစီးအောင် ဆောင်ရွက်နိုင်သောသင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်ပါသည်။ သင်္ကန်းချုပ်ဆိုးနေစဉ် အရုဏ်တက်လျှင်ဖြစ်စေ၊ အပ်နှင်းမှု လုံးဝမပြုဘဲ ညသိပ်ထားလျှင်ဖြစ်စေ သင်္ကန်းသိုးသည်ဟု ဆိုပါသည်။ မသိုးရှေ့ကြာသင်္ကန်းရက် ပြိုင်ပွဲများကို နှစ်စဉ် မြန်မာပြည်အနှံ့အပြားရှိ တန်ခိုးကြီးဘုရားပရဝဏ်အတွင်း ကျင်းပရာ ရက်ကန်းစင်အသီးသီးက အမည်အမျိုးမျိုးဖြင့် ပါဝင်ယှဉ်ပြိုင်လေ့ရှိသည်ကို တွေ့ရပါသည်။ ဤမြင်ကွင်းမှာလည်း မြန်မာတို့၏ ဘာသာ သာသနာ ရှိသေကိုင်းရှိုင်းမှုနှင့် မြန်မာ့ရိုးရာ အထည်ရက်လုပ်ခြင်း၊ လက်မှုအနုပညာတို့ကို သရုပ်ဖော်သည့် မြတ်နိုးဖွယ်မြင်ကွင်း တစ်ရပ်ပင်မဟုတ်ပါလော။

တန်ဆောင်မုန်းလပြည့်ညမြတ်တွင် ဗုဒ္ဓမြတ်စွာဘုရားသည် အဇာတသတ်မင်းအား "သာမညဖလ သုတ္တန်ဒေသနာတော်" (ရဟန်းပြုခြင်း အကျိုး)ကို ဟောကြားတော်မူခဲ့လေသည်။ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် "သာမညဖလ သုတ္တန်ဒေသနာတော်"ကို ကြားနာပြီးနောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာ အဖြစ်သို့ ရောက်ခဲ့လေသည်။ ထိုအခါတွင် အဇာတသတ်မင်း၏ အိပ်မပျော်သည့် ရောဂါဝေဒနာငြိမ်းအေးသွားခြင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်၌ အသက်ပေး၍ ကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့ မကျရောက်တော့ဘဲ လောဟကုမ္ဘိငရဲ၌သာကျရောက်ခြင်း၊ နောင်အခါတွင် ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓဖြစ်ပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုမည့် ပုဂ္ဂိုလ်ဖြစ်ခြင်းဆိုသည့် အကျိုးတရားများကို ခံစားရသည်။ ဤသည်ကိုအကြောင်းပြုပြီး "သာမညဖလ အခါတော်နေ့" ဟူ၍ ဖြစ်ပေါ်လာသည်။

တန်ဆောင်မုန်းလပြည့်ညတွင် ကောင်းကင်တစ်ခွင်လုံး အလွန်သာယာလှပနေသည်။ ဝင်းပကြည်လင်သော လပြည့်ဝန်းနှင့်အတူ ကြတ္တိကာနက္ခတ်နှင့် ကျီးတာရာ၊ ဟင်္သာတာရာ၊ ကြယ်တာရာနက္ခတ်ပေါင်းစုံ ကွန့်မြူးနေပေသည်။ ဤသို့ကောင်းကင်နက္ခတ် စုံလင်လှသဖြင့် တစ်ဆယ့်နှစ်ခါသော လပြည့်ညများထဲတွင် အလှဆုံး၊ အတင့်တယ်ဆုံး လပြည့်ညဟူ၍ပင် ဆိုချင်ပါသည်။

ဤလပြည့်ညအချိန်အခါတွင် သစ်ရွက်သစ်ဖူးတို့၌ မဲဇလီဖူးသည် ဆေးပေါင်းခသည်ဟု အယူရှိပါသည်။ မန္တျရီဟူ၍ လည်းကောင်း၊ နတ်ပန်းမန္တျ ဟူ၍ လည်းကောင်း တင်စားခေါ်ဝေါ်ကြသော မဲဇလီဖူးလက်သုပ်သည် ရာသီစာဖြစ်ပြီး စားသုံးလျှင် ရောဂါဘယ၊ ဘေးအန္တရာယ်ကင်းရှင်းသည်ဟု ဆိုကြပါသည်။ သို့ဖြစ်ရာ မဲဇလီဖူးသုပ်၍ မိသားစုများ၊ အိမ်နီးနားချင်းများ အတူတကွ ပျော်ရွှင်စွာ စားလေ့ရှိသည့် ချစ်စရာမြန်မာ့ဓလေ့ကိုလည်း ကြည်နူးဖွယ် တွေ့မြင်ရပါသည်။

တန်ဆောင်မုန်းတွင် ပျော်ပွဲရွှင်ပွဲအဖြစ်သာမကဘဲ နိုးကြားတက်ကြွမှုနှင့် အစဉ်အလာကိုလေးစားမှု အနှစ်သာရများ ထုံမွမ်းနေသည့် ကြာသင်္ကန်းရက်လုပ်ပွဲ၊ အသီးတစ်ထောင်၊ အပွင့်တစ်ထောင်၊ ထမင်းအုပ်တစ်ထောင်၊ ဆီမီးတစ်ထောင်တို့ကို ပူဇော်သည့် ထောင်ပြည့်ပွဲတော်၊ လှေကားပွဲတော်(ခေါ်) ရှင်မလွဲပွဲတော်တို့ကိုလည်း ကျင်းပလေ့ ရှိသည်။ ထို့အပြင် တန်ဆောင်မုန်းလ၏ ထင်ရှားသောပြိုင်ပွဲတစ်ခုမှာ တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲပင် ဖြစ်ပါသည်။ မီးပုံးပျံပြိုင်ပွဲ အမျိုးအစားမှာ အရုပ်အလှပြိုင်ပွဲ၊ ညမီးကြီးများနှင့် စိန်နားပန်အစရှိသည့် ပြိုင်ပွဲများဖြစ်ပါသည်။ အရုပ်အလှပြိုင်ပွဲကို နေ့ဘက်တွင် မြင်းရုပ်၊ ဆင်ရုပ်၊ ငါးရှဉ့်ရုပ်၊ ဝက်ဝံရုပ်၊ ကြက်တူရွေးရုပ်စသည်ဖြင့် စက္ကူပသာဒလှပစွာပြိုင်ပွဲဝင်ကြပါသည်။ညမီးကြီးနှင့်စိန်နားပန်ပြိုင်ပွဲများကို ညဘက်တွင် ခေါင်းအချင်းပေ ၂၀မှ၂၄ပေအထိရှိသော မီးပုံးပျံကြီးများအထိ ယှဉ်ပြိုင်ကြပါသည်။ မီးပုံးပျံပြိုင်ပွဲသည် ရိုးရာအစဉ်အလာကို ထိန်းသိမ်းခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းခြင်း၊ မြန်မာတို့၏ တီထွင်ကြံဆမှုနှင့် စွန့်စားဆောင်ရွက်လိုသော စိတ်ဓာတ်များ ဖြစ်ပေါ်စေခြင်းစသည့် အနှစ်သာရများကို ဖော်ဆောင်နေသည်ဟု ခံစားမိပါသည်။

မြတ်သောကာလ တန်ဆောင်မုန်းအခါသမယသည် သာယာတင့်တယ် သာမောဖွယ် ကာလရာသီဖြစ်ပြီး သာသနာရောင်ဝါ ထွန်းလင်းတောက်ပ၍ မြတ်သောဒါနအစုစုကို ပြုကြရာ ချစ်စရာ့ မြန်မာ့ရိုးရာဓလေ့ထုံးစံများဖြင့် လွှမ်းထုံပြည့်ဝနေသည်။ ထိုထိုသော မြန်မာ့ရာသီပွဲတော်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များသည်-

- သာမညဖလ တရားတော်များ နာကြားပူဇော်ခြင်း
- ကထိန်သင်္ကန်းနှင့် ကောင်းမှုဒါနမျိုးစေ့များ ပျိုးချခြင်း
- သီလသမာဓိ မြဲမြံခိုင်မာခြင်း
- လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာရေးအတွက် တရားဘာဝနာအားထုတ်ခြင်း

တို့ကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ တစ်ဖက်မှလည်း မိမိတို့၏ မွန်မြတ်လှစွာသော မြန်မာ့ရိုးရာအစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းနိုင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

မြတ်သောကာလ တန်ဆောင်မုန်း အခါသမယသည် သာယာတင့်တယ် သာမောဖွယ် ကာလရာသီဖြစ်ပြီး သာသနာရောင်ဝါ ထွန်းလင်းတောက်ပ၍ မြတ်သောဒါနအစုစုကို ပြုကြရာ ချစ်စရာ့ မြန်မာ့ရိုးရာ ဓလေ့ထုံးစံများဖြင့် လွှမ်းထုံပြည့်ဝနေ။

တန်ဆောင်တိုင် စဉ်လာပွဲ

ဤရာသီ မလွဲတမ်း
ခဝဲပန်း ထိန်ဝါ
စွန့်ကြဲခန်း ချိန်ခါ
ကထိန်လျှာ ဒါန။
အောင်ရွှေမြို့ ပြည်နိဗ္ဗူကို
ရည်စိတ်တူ ခင်းကျင်းလှူကြ။
ဆောင်းအစ မြောက်လေဝင်
ဗြိတ္တာခွင် ကာလ။
နိဗ္ဗာန်ဝင် မျှော်ဆလို့
ပူဇော်ကြ မိဋ္ဌာန်။
တန်ဆောင်တိုင် စဉ်လာပွဲကို
ထင်စွဲပဲ ပြုကြစေကန်။
သာမည သုတ်ဖလံကို
ထုတ်ပြန်ကာ ဟောလတ်မို့
ဇာတသတ် ဗုဒ္ဓဘာသာ
တုပ်ကွ သဒ္ဓါ။
တန်ဆောင်မုန်း ပုဏ္ဏမာကို
ဂုဏ်တင်ကာ ဖော်ညွှန်းရဲ့လေး။ ။

ဒဂုန်ဝတ်မှုန်

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ လှူဒါန်းသော အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲကို အောက်တိုဘာ ၁၉ရက်က ဝါးခယ်မမြို့ မနောသုခခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးဒေါ်တင်တင်နုတို့က မြို့နယ်အတွင်း ကျေးရွာ၁၀ရွာမှ တိုင်းရင်းဆေးသေတ္တာတာဝန်ခံများအား ဆေးသေတ္တာများ ဖြန့်ဝေပေးအပ်စဉ်။
(မြို့နယ်တိုင်းရင်းဆေး)

တန်ဆောင်မုန်းလပြည့်နေ့နှင့် အမျိုးသားနေ့တို့တွင် လော်ကားဥယျာဉ်ဖွင့်ထားမည်

ရန်ကုန် အောက်တိုဘာ ၃၀

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နိုဝင်ဘာ ၁ရက် (တန်ဆောင်မုန်းလပြည့်နေ့)နှင့် နိုဝင်ဘာ၁၁ရက် (အမျိုးသားနေ့)တို့တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် နံနက်၈နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲ၍ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူ့အကျိုးပြုစာကြည့်တိုက်များဖြစ်ပေါ်လာစေရေးနှင့် စံ(၅)ချက်နှင့် ညီညွတ်သောစာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးအတွက် အောက်တိုဘာ ၂၂ရက်က (၁၂)ရပ်ကွက် ပညာ့အလင်းစာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ခင်စီ ဦးဆောင်သောအဖွဲ့က စာကြည့်တိုက်လုပ်ငန်းများနှင့် စာငှားကတ်စနစ် ကျင့်သုံးရေးလုပ်ငန်းများ လက်တွေ့ကွင်းဆင်းဆောင်ရွက်စဉ်။
(မြို့နယ် ပြန်/ဆက်)

သုတေသနစာတမ်းများမှသည် ပြည်သူ့အကျိုးပြုလုပ်ငန်းဆီသို့

➢ သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ချိုချိုသွင်နှင့် ခင်နွယ်ထွေး ➢ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကကြီးမှူး၍ နဝမအကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ်၌ အောက်တိုဘာ ၂၁ရက်မှ ၂၃ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး အကောင်းဆုံးစာတမ်းရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက် ၁၀နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံ

သတင်းအဖွဲ့သည် နိုင်ငံတော် အကျိုးပြု သုတေသနလုပ်ငန်းများတွင်

"ပညာရပ်ဆိုင်ရာ သုတေသန လုပ်ငန်း လမ်းညွှန်မှု၊ အားပေးမှု တို့ဖြင့် ပညာရည်မြင့်မားတိုးတက် စေရန် ရည်ရွယ်ပါတယ်"
ဦးသန်းဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့။

ထူးချွန်ပြောင်မြောက်စွာ ပါဝင်လုပ်ဆောင်ခဲ့ကြသည့် အကဲဖြတ်ပညာရှင်များနှင့် စာတမ်းရှင်များအား သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက သုတေသန စာတမ်းဖတ်ပွဲ နှစ်စဉ်ကျင်းပရသည့် ရည်ရွယ်ချက်သုံးရပ်ကို ရှင်းပြသည်။ ယခုနှစ် သုတေသန စာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း ၂၉၉ စောင်ကို ရန်ကုန်တက္ကသိုလ်၌ ဖတ်ကြားဆွေးနွေးခဲ့သည်။ ထိုစာတမ်းများအနက်မှ ဘာသာရပ်အလိုက် အကောင်းဆုံးစာတမ်းရှင်ဆု (Best Paper Award) ၂၂ဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ၂၀၀၈ခုနှစ်အတွက် သုတေသနပြုတင်သွင်းကြသည့် ပါရဂူကျမ်းနှင့် ယင်းကျမ်းအပေါ် အခြေခံပြုစုတင်ပြသည့် သုတေသနလုပ်ငန်း အစီရင်

"Titanium Dioxide အလွှာပါး၏ အသေးစိတ်ဖွဲ့စည်းပုံ၊ လျှပ်စစ်ဆိုင်ရာ ဂုဏ်သတ္တိများနဲ့ အလင်းရောင် ထိတွေ့သည့်အခါ လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်သော ဂုဏ်သတ္တိများကို သုတေသနပြု လေ့လာခဲ့ပါတယ်"
ဒေါက်တာမိုးမိုးအေး
သရုပ်ပြ၊ ရူပဗေဒဌာန၊
ရန်ကုန်တက္ကသိုလ်။

ခံစာတို့ကို ယှဉ်ပြိုင် စိစစ်ရွေးချယ်၍ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ဆုကို ယခုနှစ်တွင် ဆယ်နှစ်မြောက်အထိမ်းအမှတ်အဖြစ် ဆုခြောက်ဆုအထိ တိုးမြှင့်ပေးအပ်ချီးမြှင့်ထားကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

စိစစ်ရွေးချယ်

ဆက်လက်၍ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဦးစိန်မင်းက "ဆုရွေးချယ်ရာတွင် နိုင်ငံတော်ကို အကျိုးပြုမှု၊ ဘာသာရပ်ကို အကျိုးပြုမှု၊ ပင်ကိုရေးသားတင်ပြနိုင်မှု၊ မိမိပြုလုပ်သော သုတေသနလုပ်ငန်းသည် သိပ္ပံနည်းကျရှိမှုနှင့် တင်ပြချက် ကောင်းမွန်မှုတို့အပေါ် မူတည်၍ စိစစ်ရွေးချယ်ခဲ့ပါကြောင်း" ရှင်းပြသည်။

မိခင်ဘာသာ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆုရရှိခဲ့ကြသူများထဲမှ ဝိဇ္ဇာပညာရပ်ဆုရရှိသော ဒေါက်တာဆန်းမြင့်အား တွေ့ဆုံမေးမြန်းရာ ဆရာက "မြန်မာတို့၏ အင်္ဂလိပ်ဘာသာစကား အသုံးချမှုတွင် မိခင်ဘာသာ၏လက်တွေ့ လူမှုအတ္ထဗေဒ အခြင်းအရာများ ရွှေ့ပြောင်းအသုံးပြုခြင်း ခေါင်းစဉ်ဖြင့် ဝိဇ္ဇာပညာရပ်ဆုကို ရရှိခဲ့ကြောင်း၊ အင်္ဂလိပ်ဘာသာကို အခြေခံ

"အခြေခံစားကုန် ဖြန့်ဖြူးရာတွင် အရေးကြီးသောအခန်းကဏ္ဍကို ထုတ်ဖော်တင်ပြထားပါတယ်"
ဒေါက်တာမူမူသန်း
လက်ထောက်ကထိက၊
ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်။

မျှသာ ပြောဆိုအသုံးချမှုမှာ ပိုမိုသိမ်မွေ့နက်နဲသော လူမှုဆက်ဆံရေးတိုင်း တိုးတက်အောင် ဆောင်ရွက်နိုင်ရန်နှင့် မိခင်ဘာသာ၏ အဓိပ္ပာယ်ပိုင်းနှင့် လူမှုလောကတွင် လက်တွေ့ အသုံးချမှုဆိုင်ရာ ဩဇာလွှမ်းမိုးမှုကြောင့် အင်္ဂလိပ်ဘာသာစကား ပြောဆိုရာတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ အတားအဆီးများကို ကျော်လွှားနိုင်ရန် ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံ၏ အင်္ဂလိပ်စာသင်ကြားမှု သမိုင်းကြောင်းနှင့် လက်ရှိအနေအထားကို ကနဦးလေ့လာသုံးသပ်ပြီး မြန်မာနှင့် အင်္ဂလိပ် အတ္ထဗေဒ သဘောတရားများကို အသေးစိတ်ပိုင်းခြားလေ့လာနှိုင်းယှဉ်တင်ပြခြင်း၊ မြန်မာနိုင်ငံ၏လက်ရှိ အင်္ဂလိပ်စာသင်ကြားမှုတွင် မည်သို့သော နည်းလမ်းဖြင့် သိမ်မွေ့နက်နဲသော လူမှုရေး အခြင်းအရာများ ပေါင်းစပ်သင်ကြားနိုင်မည်ကို အကြံပြုခြင်း စသည်တို့ကို ထည့်သွင်းတင်ပြထားကြောင်း" ပြောကြားသည်။

ထို့နောက် ပထဝီဝင်ဌာနမှ ဒေါက်တာမူမူသန်းအား ဆက်လက် မေးမြန်းရာ "ရန်ကုန်မြို့တွင် အခြေခံ စားကုန်များ၏ ကုန်စည်စီးဆင်းရာ လမ်းကြောင်းများ ညောင်ပင်လေး ပလာဇာကို အခြေခံ၍ ရေးသားခြင်းခေါင်းစဉ်ဖြင့် ဝိဇ္ဇာပညာရပ်ဆုကို ရရှိခဲ့ကြောင်း၊ သုတေသနပြု တွေ့ရှိချက်များကို ဆက်လက်ရှင်းပြရာ ပလာဇာကြီးများကို တည်ဆောက်သူများအနေဖြင့် ပလာဇာတစ်ခုကို မည်သည့်နေရာမျိုးတွင် တည်ဆောက်သင့်သည်ကို ရွေးချယ်ရာတွင် ရောင်းချလိုသည့် ဈေးကွက်အပေါ်မူတည်၍ ဈေးကွက်၌ လက်လီ

"ဒီနှစ် ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆုကို ဆယ်နှစ်မြောက် အထိမ်းအမှတ်အဖြစ်ဆု ခြောက်ဆုအထိ တိုးမြှင့်ထားပါတယ်"
ဦးစိန်မင်း
(အမှုဆောင်အဖွဲ့ဝင်)
မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့။

လက်ကား နှစ်မျိုးလုံးဖြစ်ပါက ပလာဇာသို့မဟုတ် ဈေးတစ်ခုကို တည်ဆောက်ရန် အရေးကြီးဆုံး ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ ညောင်ပင်လေးပလာဇာ၏ လက်ရှိအခြေအနေများဖြစ်သည့် သယ်ယူပို့ဆောင်ရေးကောင်းမွန်သည့် နေရာဖြစ်ခြင်း၊ မိုးလုံလေလုံဖြစ်ခြင်း၊ ဈေးဖွဲ့စည်းပုံသည် ဝယ်သူအတွက် အချိန်ကုန်သက်သာခြင်း၊ ရောင်းချသည့် ပစ္စည်းအမျိုးအစားစုံလင်ခြင်း၊ ဈေးမှန်ခြင်းစသည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း" ဖြင့် ပြောကြားသည်။

ဒေါက်တာထွန်းလွင်

၂၀၀၈ခုနှစ်အတွက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဆုတွင် သိပ္ပံပညာရပ်ဆုကိုရရှိခဲ့သူ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာထွန်းလွင်အား တွေ့ဆုံခဲ့ရာ 'The Intraseasonal Variations in the Monsoon Climatology of Myanmar' ခေါင်းစဉ်ဖြင့် တင်သွင်းခဲ့ကြောင်း၊ စာတမ်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ မုတ်သုံရာသီဥတုဆိုင်ရာ ခန့်မှန်းရေးနည်းလမ်းများ ဖော်ထုတ်သော စာတမ်းဖြစ်ကြောင်း၊ မိုးများမည့် ကာလနှင့် မိုးနည်းမည့် ကာလများကို ယင်းနည်းဖြင့် တွက်ထုတ်နိုင်ကြောင်း၊ သင်္ချာပုံစံသုံးပြီး မိုးလေဝသခန့်မှန်းနည်းမှာ အားနည်းနေသေးသဖြင့် မျိုးဆက်သစ်များကို ယင်းသုတေသနလုပ်ငန်းများ လုပ်စေလိုကြောင်း အကြံပြုပြောကြားသည်။

ပထဝီဝင်

ဆက်လက်ပြီး နဝမအကြိမ်သုတေသန စာတမ်းဖတ်ပွဲတွင် အကောင်းဆုံးသုတေသန စာတမ်းဆု ရရှိကြသူများထဲမှ ပထဝီဝင် ဘာသာရပ်ဖြင့် ဆုရရှိခဲ့သော ဒေါက်တာအောင်ကျော်အား ဆက်လက်မေးမြန်းရာ "မိမိစာတမ်း၌ မန္တလေးမြို့တွင် Chain အနေနှင့် ဖွင့်ထားသော လက်ဖက်ရည်ဆိုင်များ၏ နေရာဒေသအလိုက် ဖြစ်ပေါ်တိုးတက်မှုနှင့် ထိုဖြစ်ပေါ်တိုးတက်မှုတို့ ဖြစ်စေသော အကြောင်းအရာများကို ပထဝီဝင်ရှုထောင့်မှ လေ့လာဖော်ထုတ်ရန် သုတေသနပြုခဲ့ပါကြောင်း၊ မန္တလေးမြို့ရှိ Chain လက်ဖက်ရည်ဆိုင်များ၏ ဖြစ်ပေါ်တိုးတက်မှုသည် ၁၉၉၆ ခုနှစ်နောက်ပိုင်းမှာ အင်မတန်မြန်ဆန်လာတာကိုတွေ့ရကြောင်း၊ Chain လက်ဖက်ရည်ဆိုင်များ၏ တိုးတက်မှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းမှာ မိသားစုစီးပွားရေးပုံစံ ဖြစ်ထွန်းမှုနှင့် ဆက်စပ်လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ခြင်း အပေါ် အခြေခံ၍ ဖြစ်ပေါ်လာသည်ကို တွေ့ရကြောင်း" ပြောကြားသည်။

အဏ္ဏဝါသိပ္ပံ

ထို့နောက် အဏ္ဏဝါသိပ္ပံဘာသာရပ်ဖြင့် ဆုရရှိခဲ့သူ ဆရာမဒေါ်မြင့်မြင့်ချိုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဆရာမက "ရခိုင်ကမ်းရိုးတန်း ဒွေသရှိ အညိုရောင်ပင်လယ်ရေမှော်ပင်များမှ ထုတ်ယူရရှိသော ဆိုဒီယမ်

"ဆိုဒီယမ် အယ်လ်ဂျီနိတ်ကို စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန် စသည်တို့၌ တွင်ကျယ်စွာ အသုံးပြုနိုင်ပါတယ်"
ဒေါ်မြင့်မြင့်ချို
တွဲဖက်ပါမောက္ခ၊
အဏ္ဏဝါသိပ္ပံပညာဌာန၊
မော်လမြိုင်တက္ကသိုလ်။

အယ်လ်ဂျီနိတ် ဒြပ်ပေါင်းအပေါ် အပူချိန် ပီအိတ်ချ်နှင့် လျှပ်လိုက်ရည်တို့၏ လွှမ်းမိုးမှုကို လေ့လာခြင်းခေါင်းစဉ်ဖြင့် ဆုရရှိခဲ့ကြောင်း၊ သုတေသနပြုချက်အရ အပူချိန် ပီအိတ်ချ်နှင့် လျှပ်လိုက်ပျော်ရည်တို့က အယ်လ်ဂျီနိတ်ဒြပ်ပေါင်း၏ အထွက်နှုန်းအပေါ် လွှမ်းမိုးမှုမရှိသော်လည်း စေးပျစ်နှုန်းအပေါ်လွှမ်းမိုးမှုရှိကြောင်း၊ ဆိုဒီယမ်အယ်လ်ဂျီနိတ်ကို စားသောက်ကုန်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ စက္ကူ၊ ရော်ဘာ၊ ဆိုးဆေး၊

"အင်္ဂလိပ်ဘာသာကို အခြေခံမျှသာ ပြောဆိုအသုံးချမှုမှာ ပိုမိုသိမ်မွေ့နက်နဲသော လူမှုဆက်ဆံရေးတိုင်း တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်"
ဒေါက်တာဆန်းမြင့်
လက်ထောက်ကထိက၊
အင်္ဂလိပ်စာဌာန၊
ရန်ကုန်တက္ကသိုလ်။

သုတ်ဆေးလုပ်ငန်း၌ တွင်ကျယ်စွာ အသုံးပြုနိုင်ကြောင်း" စသည်ဖြင့် ရှင်းပြသည်။

ရူပဗေဒ

ထို့ပြင် ရူပဗေဒဘာသာရပ်ဖြင့် ဆုရရှိခဲ့သော ဒေါက်တာမိုးမိုးအေးအား ဆက်လက်မေးမြန်းရာ "Transparent Properties အလွန်ကောင်းပြီး Submicro Particle size အထိသေးငယ်သော Particles များနဲ့ ဖွဲ့စည်းထားသော Titanium Dioxide အလွှာပါး၏ အသေးစိတ်ဖွဲ့စည်းပုံ၊ လျှပ်စစ်ဆိုင်ရာ ဂုဏ်သတ္တိများနဲ့ အလင်းရောင် ထိတွေ့သည့်အခါ လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်သော ဂုဏ်သတ္တိများကို သုတေသနပြုလေ့လာပြီး သုတေသနရလဒ်အဖြစ် Photovoltaic Cell (or) Solar Cell တစ်ခု၏ ဂုဏ်သတ္တိရှိကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသည်။

အထောက်အကူ

သုတေသနလုပ်ငန်းများမှ ရရှိလာသော သတင်းအချက်အလက်များသည်

"မျိုးဆက်သစ်တွေအတွက် သင်္ချာပုံစံသုံးပြီး မိုးလေဝသ ခန့်မှန်းတွက်ချက်တဲ့ သုတေသနတွေ လုပ်စေချင်ပါတယ်"
ဒေါက်တာထွန်းလွင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
မိုးလေဝသနှင့်ဇလဗေဒ
ညွှန်ကြားမှုဦးစီးဌာန။

လူသားတို့နှင့် သက်ရှိသက်မဲ့ လောကကြီးတစ်ခုလုံး သာယာဝပြောရေးအတွက် အထောက်အကူ ဖြစ်စေသည်။

သို့ဖြစ်ရာ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းရပ်များ ပေါ်ထွန်းရေးအတွက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အနေဖြင့် သုတေသနစာတမ်းဖတ်ပွဲများ နှစ်စဉ်ကျင်းပပေးလျက်ရှိရာ တာဝန်ကျရာ တက္ကသိုလ်အသီးသီးမှ သင်ကြားရေးတာဝန်များနှင့် သုတေသန လုပ်ငန်းရပ်များကို ခေတ်နှင့်အညီ ရင်ပေါင်တန်းအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပညာရှင် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်အပေါင်းတို့၏ မိခင်ဘာသာရပ်များဖြင့် နိုင်ငံတော်အကျိုး၊ လူသားအားလုံး၏ အကျိုးကို သယ်ပိုးဆောင်

"မိသားစု စီးပွားရေးအနေနဲ့ အလုပ်သမားလေ့ကျင့်ပေးမှု၊ စီမံခန့်ခွဲမှုအပိုင်း စနစ်တကျ တိုးတက်မှုကို တွေ့ရပါတယ်"
ဒေါက်တာအောင်ကျော်
တွဲဖက်ပါမောက္ခ၊
ပထဝီဝင်ဌာန၊
တောင်ငူတက္ကသိုလ်။

ရွက်ကြရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း တွေ့ဆုံစေ့ငု ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ယခုနှစ် သုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း ၂၉၉စောင်ကို ရန်ကုန်တက္ကသိုလ်၌ ဖတ်ကြားဆွေးနွေး။

ထိုစာတမ်းများအနက်မှ ဘာသာရပ်အလိုက် အကောင်းဆုံး စာတမ်းရှင်ဆု (Best Paper Award) ၂၂ဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့။



ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အမှတ်(၅)ရပ်ကွက် ရွာမသွားလမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်တင်တင်စိုး တာဝန်ယူဆောင်ရွက်ခဲ့ပြီး အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ပြည်သူများ အသိဉာဏ်ဖွံ့ဖြိုးရေး မိတ္ထီလာမြို့ ဖွင့်လှစ်ပြီးစာကြည့်တိုက်များသို့ ဂျာနယ်များလှူဒါန်း

မိတ္ထီလာ အောက်တိုဘာ ၁၅

မိတ္ထီလာမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးလက်စာကြည့်တိုက်များသို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ ဗဟုသုတနှင့် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်း အလုပ်အမှုဆောင် မြို့နယ်သတင်းထောက် ဦးတင်လှိုင် (မိတ္ထီလာ)က ဂျာနယ်စာစောင် ၁၀၀ကို ဩဂုတ် ၃၁ရက်က မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းသည်။ (အောက်ပုံ)

ရှင်းလင်းပြောကြား

ကျေးလက် စာကြည့်တိုက်များသို့ ဂျာနယ်လှူဒါန်းပွဲတွင် မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်မြင့်က စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလှူရှင်က ကျေးလက်စာကြည့်တိုက်များ ဖြစ်သော တောမကျေးရွာစာကြည့်တိုက်၊ မြာကျေးရွာ စာကြည့်တိုက်၊ ရေဝေကျေးရွာ စာကြည့်တိုက်နှင့် ဇာနည်စာကြည့်တိုက်များသို့ ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ ဂျာနယ်မျိုးစုံအုပ်၁၀၀ကို ပေးအပ်လှူဒါန်းသည်။ ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်မဂ္ဂဇင်းနှင့် ဂျာနယ်များ ဆက်လက်လှူဒါန်းသွားမည်ဟုသိရသည်။ (ဝ၈၆)

အထက(၁) အောင်မြေသာစံ၌ ကမ္ဘာ့ဆရာများနေ့ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၂

၂၀၀၉ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက်၉နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာသော ကျောင်းသားများက ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား ကန်တော့ကြသည်။ ထို့နောက် ကျောင်းသားတစ်ဦးက ကန်တော့ချိုးတိုင်ပေးရာ ကျောင်းသားများက ရွတ်ဆိုကြသည်။

ဆုံးမစကား

ဆက်လက်၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ကန်တော့ပစ္စည်းများပေးအပ်ကြရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်မွန်က ဆုံးမစကားနှင့် ဆုတောင်းမေတ္တာများ ပို့သပေးသည်။ **(အောက်ပုံ)**

ကြည့်ရှု

ထို့နောက် ကျောင်းအုပ်ဆရာကြီးနှင့် တက်ရောက်လာသူများက အောင်ရာဇာခန်းမ၌ ပြသထားသော ကမ္ဘာ့ဆရာများနေ့ သတင်းပုံများ၊ သတင်းများ၊ ဆောင်းပါးများနှင့် ပန်းချီကားများကို ကြည့်ရှုကြသည်။ (ဝ၉ဝ)



ဆိပ်ဖြူမြို့၌ မြေယာရှင်းအလှဆောင်ရွက်

ဆိပ်ဖြူ အောက်တိုဘာ ၂၂

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ အောက်တိုဘာ ၁၄ရက်က ပခုက္ကူဘက်ခြမ်း မြို့ဝင်ဆိုင်းဘုတ်မြေယာရှင်းအလှ ဆောင်ရွက်ပြီး စက္ကူပန်းပင်၊ နွယ်သာကီပင်နှင့် ခရေပင်များစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ ***(မြို့နယ်စည်ပင်)***

အိုင်အိုဒင်းဆားစစ်ဆေး

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းကို ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးကုတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးနှင့်မသန်စွမ်းအဖွဲ့ဝင်များ အလှူငွေပေးအပ်

မိုးကုတ် အောက်တိုဘာ ၂၀

မိုးကုတ်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီအဖွဲ့မှ အသက် (၇၅) နှစ်နှင့်အထက် အဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား အလှူငွေပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၅ ရက်က မိုးကုတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးပြည်စိုး(ငြိမ်း)က အလှူငွေပေးအပ်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက်အသက်(၇၅)နှစ်နှင့်အထက် အဖွဲ့ဝင် ၃၈ ဦးအတွက် ငွေကျပ် ၃၈၀၀၀၀၊ မသန်စွမ်းအဖွဲ့ဝင် ရှစ်ဦးအတွက် ငွေကျပ် ၁၆၀၀၀၀၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၅၇ဦးတို့အတွက် ငွေကျပ် ၂၅၇၅၀၀တို့ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးပြည်စိုး (ငြိမ်း)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနေအောင် (ငြိမ်း)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ကြီးထွန်းဝေ (ငြိမ်း)တို့က ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်များလှူဒါန်း

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က မြန်မာ့စွယ်စုံကျမ်းနှင့် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို ပင်လယ်ရေဘယ်မခန်း အမည်ရှိ မဂ္ဂဇင်းဝတ္ထုတိုပေါင်းချုပ် စာအုပ်ထုတ်ဝေခြင်း အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ လူထုစာကြည့်တိုက်နှင့် လူမှုရေးအသင်းစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

စာကြည့်တိုက် တည်ဆောက်မှု နတ်တလင်းမြို့နယ်၌ ကွင်းဆင်းကြည့်ရှု

နတ်တလင်း အောက်တိုဘာ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကုလားတက်ထွန်းကျေးရွာတွင် နိုင်ငံတော်မှပံ့ပိုးငွေကျပ်၁၀သိန်း၊ ကျေးရွာအုပ်စု ပြည်သူထည့်ဝင်ငွေကျပ် ၁၇ သိန်းဖြင့် စုစုပေါင်းငွေကျပ်၂၇သိန်းတန် စာကြည့်တိုက်အဆောက်အအုံကို စက်တင်ဘာ ၂၉ရက်က စတင်ဆောက်လုပ်ခဲ့သည်။

အဆိုပါစာကြည့်တိုက်ဆောက်လုပ်မှုအား အောက်တိုဘာ၁၀ရက်အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးလွင်နှင့် မြို့နယ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီတွင် ပါဝင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်တို့နှင့်အတူ ကွင်းဆင်းကြီးကြပ်စစ်ဆေးသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်း မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေး အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဒုတိယဦးစီးမှူး(ဈေး) ဦးဝဏ္ဏအောင်၊ ဈေးမိဈေးဖများနှင့် ဈေးဝန်ထမ်းများ စုပေါင်း၍ ရေမြောင်းဆယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းဆွေ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့ ပျိုးဥယျာဉ်၌ ပျိုးထုပ်ဆောင်ရွက်

မိုးကောင်း အောက်တိုဘာ ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့ စိမ်းမြသီတာဥယျာဉ်အတွင်းရှိပျိုးခြံ၌ ပန်းအလှပင်များ သတ်မှတ်အရေအတွက် ပြည့်မီအောင် ပျိုးထောင်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် ဝန်ထမ်းများ စက်တင်ဘာ၂၇ရက်က ပျိုးထုပ်ခြင်းလုပ်ငန်းစုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ပေးသည်။ (ဝဝ၁)

31-10 (15).pmd 1 10/30/2009, 1:21 PM

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းမြင့်

(ဆန်းသစ်ကုန်မာဆိုင်၊ ပဲခူးမြို့)

အသက် (၈၉)နှစ်

ပဲခူးမြို့နေ (ဦးဖုံ-ဒေါ်စောမေ)၊ (ဦးကြီးဖြူ-ဒေါ်ဖြူ)တို့၏သမီး၊ ပဲခူးမြို့၊ မင်းလမ်း၊ အမှတ် ၆နေ (ဦးဘငြိမ်း)၏ဇနီး၊ (ဒေါ်အေးကြည်)၊ (ဦးစိန်သော်-ဒေါ်သန်းချစ်)၊ (ဦးဘဌေး-ဒေါ်သန်းကြည်)၊ ဦးကျော်ခင်-ဒေါ်သန်းဌေး၊ (ဦးသိန်းလွင်-ဒေါ်သိန်းရီ)၊ ဦးရှိန်းမောင်-(ဒေါ်လှကြည်)၊ဦးမျိုးမြင့်-ဒေါ်မြမြညွန့်၊ ဦးမောင်မောင်စော-ဒေါ်ဝင်းဝင်းမော်တို့၏ညီမ/အစ်မ၊ ဒေါက်တာဦးတင်ဝင်း(U.K)-ဒေါ်ခင်သန်းရီ၊ ဦးမြင့်သိန်း-ဒေါ်ခင်ခင်သိန်း၊ (ဦးနေဝင်း)၊ ဒေါ်စန်းစန်းဝေ(အထပြ၊ ငြိမ်း၊ အထက-၃၊ ပဲခူး)၊ (ဦးမျိုးသိန်း)၊ ဦးမြင့်ဇော်-ဒေါ်ခင်စန်းဝင်း၊ ဒေါ်ရီရီဝေ (ဆန်းသစ်ကုန်မာဆိုင်၊ ပဲခူးမြို့)၊ ဦးနိုင်ဝင်း-ဒေါက်တာခင်အိအိသိန်းတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၁၀-၂၀၀၉ရက် ညနေ ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၉ရက် မွန်းလွဲ ၁နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြိုင် (ပဲနွယ်ကုန်း)

အသက် (၇၅)နှစ်

(ဦးဖိုးမှန်-ဒေါ်စိမ်း)တို့၏သမီးချွေးမ၊ (ဦးသာဇံ-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးကံ-ဒေါ်မြအောင်)၊ (ဦးတင်မောင်)-ဒေါ်လှရီတို့၏ညီမ၊ (ဦးစိုးတင့်)-ဒေါ်ခင်ထွေးရီတို့၏အစ်မ၊ ပဲနွယ်ကုန်းနေ ဦးမောင်မောင်ဦး-ဒေါ်ထားထား၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဗိုလ်မှူးရဲအောင်)-ဒေါ်ရီရီဌေး(အမက-၂၁၊ မူလွန်ကျောင်းအုပ်)၊ ဦးစိုးလွင်(၂) (စုံစမ်းရေးမှူး၊ စစစ)-ဒေါ်ခင်မူမူဦး(အလက-၄၊ မင်္ဂလာဒုံ)၊ (ဦးစိုးမင်း)-ဒေါ်စန်းဌေး၊ ဦးမောင်မောင်ညွန့်-ဒေါ်ခင်နွဲ့ကြည်၊ ဗိုလ်ကြီးစန်းအောင်(ငြိမ်း) (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်အေးစမ်း၊ ဦးအောင်မျိုးဦး-ဒေါ်သန်းနွယ်ဦးတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွာဦးလမ်း၊ အမှတ် ၄၂နေ ဦးကိုကြီး၏ဇနီးသည် ၂၉-၁၀-၂၀၀၉ရက်(ကြာသပတေးနေ့) ည ၉နာရီတွင် ရန်ကုန်မြို့ ပင်လုံအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှမြင့် (မြွန်တန်ဆာ)

တပ်မတော်-ရေ (ငြိမ်း)

3/E, CDC-17429

အသက် (၆၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးဘချိုလမ်းနေ ဦးသောင်းညွန့်-ဒေါ်ကျင်မြတို့၏သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၅၅နေ [ဦးသာဒင်(ရေတပ်စက်မှုလက်မှု)-ဒေါ်ငွေသီး] တို့၏သားသမက်၊ ဒေါ်လှဝေ၏ခင်ပွန်း၊ ကိုကျော်သူရ-မအိအိဇင်၊ မအေးသက်ဇင် (ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ (ဦးသောင်းတင်-ဒေါ်တင်တင်မြင့်)၊ ဒေါ်ခင်စောယု၊ ဦးအောင်ဝင်း-ဒေါ်ခင်ယုဝေတို့၏အစ်ကိုကြီး၊ မောင်ထင်လင်းထက်၏အဘိုးသည် ၂၉-၁၀-၂၀၀၉ရက် (ကြာသပတေးနေ့) နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းမြိုင်

အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တိုက် ၄၃၊ အခန်း E-2နေ (ဦးရွှေဖူး-ဒေါ်ထွေး)တို့၏သမီးထွေး၊ (ဦးနေဝင်း)၏ဇနီး၊ (ဦးဇေဒါ) ဒေါ်အမာ၊ ဒေါ်ခင်ရီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဗိုလ်မှူးချုပ်အောင်သိန်းလင်း-ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့၏ညီမထွေး၊ ဦးကိုကိုသန့် (ဆင်မင်းဆပ်ပြာစက်)-ဒေါ်စုမျိုးသွယ် [မွေး/ရေဝန်ကြီးဌာန၊ Ph.D (Thesis) ခေတ္တ-ဂျပန်]၊ ဦးကျော်သူစိုး-ဒေါ်သီတာမျိုး၊ ဗိုလ်ကြီးသိန်းဟန်(ငြိမ်း) [လ/ထညွှန်ကြားရေးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန]-ဒေါ်နန်းမျိုးမူ၊ ဦးဝင်းကြိုင် (စွမ်းအင်ဝန်ကြီးဌာန) - ဒေါ်နွယ်နီဝင်း (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၀၉ရက် နံနက် ၄း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းမြိုင်

အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တိုက်-၄၃၊ အခန်း E-2နေ(ဦးရွှေဖူး-ဒေါ်ထွေး)တို့၏သမီးထွေး၊ ဦးဝင်းမြင့်-မလွင်လွင်မာဦး၊ ဒုတိယဗိုလ်မှူးကြီးဇော်မိုးလွင်-မချောချောအောင်၊ ဦးဇော်မင်းလွင်-မမိုးကြည်ထွေး၊ ဦးသန်းဌေး-မသန္တာအေး၊ ဒေါက်တာဇော်ဇော်နိုင်-မခင်ဆွေရီတို့၏အဒေါ်၊ မောင်နေလင်းထွန်း-မလဲ့ဝေပိုင်၊ မအိမှူးခင်၊ ဇေယျာမိုးလွင်၊ မင်းခန့်မိုးလွင်၊ ပိုင်ဇေမိုးလွင်၊ ခင်ငြိမ်းသန့်၊ မေငြိမ်းခန့်၊ ဌေးအောင်လင်း၊ ညီမင်းထက်၊ သိမ့်သန့်သန့်သွယ်၊ ထွန်းမြတ်မင်း၊ စိုးရတနာထက်၊ စိုးရတနာအောင်၊ မောင်မင်းဟိဏ်း၊ ဆက်နိုင်လင်းတို့၏အဘွားသည် ၃၀-၁၀-၂၀၀၉ရက် နံနက် ၄း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့၏ညီမ ဒေါ်စန်းစန်းမြိုင် အသက်(၅၆)နှစ်သည် ၃၀-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကော်မတီဝင်နှင့် ဌာနမှူးများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးလေးနိုင်

အသက် (၄၈)နှစ်

သူငယ်ချင်း ဗိုလ်ကြီးဒေါ်နီနီကျော်အောင်(ငြိမ်း)၏ခင်ပွန်း ဦးလေးနိုင်သည် ၂၇-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်သူနာပြုသင်တန်းအမှတ်စဉ်(၁၂)မှ သူငယ်ချင်းများ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးတင်အေး (ဒိုက်ဦး)

(Master Mariner FG)

ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

Chief Marine Officer, Port Kelang, Malaysia (Retd)

အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၃/D၊ အင်းလျားမြိုင်လမ်းနေ (ဦးဘအေး-ဒေါ်အမာရီ)တို့၏သား၊ (ဦးမောင်မောင်အုန်းခိုင်-ဒေါ်စိုးမြင့်)တို့၏သားသမက်၊ ဒေါ်ရင်ရင်အုန်း၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်ရွှေစော-ဒေါ်ခင်ဆွေအေး၊ Capt ဦးဇော်ဝင်းအေး-ဒေါ်စန္ဒာအောင်၊ Capt ဦးအောင်စိုးမင်း-ဒေါ်ခင်မြအေးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၀၉ရက်(သောကြာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးတင်အေး (ဒိုက်ဦး)

(Master Mariner FG)

ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

Chief Marine Officer, Port Kelang,Malaysia (Retd)

အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၃/D၊ အင်းလျားမြိုင်လမ်းနေ (ဦးဘအေး-ဒေါ်အမာရီ)တို့၏သား၊ (ဦးမောင်မောင်အုန်းခိုင်-ဒေါ်စိုးမြင့်)တို့၏သားသမက်၊ ဒေါ်ရင်ရင်အုန်း၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)-ဒေါ်ခင်မကြီးတို့၏မောင်၊ ဗိုလ်မှူးချုပ်ထွန်းရီ(ငြိမ်း)-ဗိုလ်မှူးဒေါ်ခင်တိုး(ငြိမ်း)၊ ဦးတင်ရှိန်-ဒေါ်ခင်စိုးတို့၏အစ်ကိုသည် ၃၀-၁၀-၂၀၀၉ရက် (သောကြာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကြည်စိုး (ပေါက်ခေါင်းမြို့)

(ယခင် ရီစိုးပုံနှိပ်တိုက်)

အသက် (၇၄)နှစ်

ပေါက်ခေါင်းမြို့နေ (ဦးထွန်းဝင်း-ဒေါ်ရွှေအိ)တို့၏သား၊ ဒေါ်အုန်းမြင့်၊ ဒေါ်ငွေငွေတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၅၇၊ လေးလွှာနေ ဒေါ်ကြည်အေး၏ခင်ပွန်း၊ (ဦးအောင်မြင့်)-ဒေါ်မာမာစိုး(အလက-၂၊ ဗဟန်း)၊ (မအေးအေးစိုး)၊ မရီရီစိုး၊ မောင်လှဝင်းစိုး၊ ကိုကိုထွေး-မညီညီစိုးတို့၏ဖခင်၊ မောင်ဖြိုးဝေစိုး(Ever Queen မန္တလေး)၊ မစန္ဒီစိုးထွေးတို့၏အဘိုးသည် ၂၉-၁၀-၂၀၀၉ရက် (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၉ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဆန်း

B.E (Civil) (၁၉၇၇)

အင်ဂျင်နီယာမှူး၊ မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီ

အသက် (၅၉)နှစ်

ဒေါ်မေသန့်ဇင် (အင်ဂျင်နီယာမှူး၊ တံတားဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးရုံးချုပ်)၏ခင်ပွန်း ဦးကျော်ဆန်းသည် ၂၇-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီ။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်း

General Manager (Super One Co., Ltd.)

အသက် (၅၅)နှစ်

Super One Co., Ltd. မှ General Manager ဦးကျော်ဝင်းသည် ၂၈-၁၀-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Chairman, Managing Director နှင့်

Super One Co., Ltd. ဝန်ထမ်းမိသားစုများ။

ဦးမောင်မြ (ပုတီးကုန်း)

ဆက်သွယ်ရေး(ငြိမ်း)

အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၀၊ ဦးရွှေဝွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ(ဦးဖိုးချစ်-ဒေါ်ရွှေ ကျင်)တို့၏သား၊ ဒေါ်သန်းရင်၏ခင်ပွန်း၊ (ဦးလှ၊ ကလေးကျန်းမာရေးအရာရှိ)၏ညီ၊ (ဦးသန်းရွှေ)-ဒေါ်ပိုး (ပုတီးကုန်း)၊ ဦးမောင်ဝင်း (ဒုတိယညွှန်မှူး၊ ငြိမ်း၊ သမဝါယမဝန်ကြီးဌာန)-ဒေါ်ယုမေတို့၏အစ်ကို၊ ဦးတင်ဦး (ခွာတ်ခွဲခန်းအရာရှိ၊ ဆေး-၁)၊ ဦးဇော်ဝင်း (ခွာတ်ခွဲခန်းအရာရှိ၊ ဆေး-၁)၊ ဒေါ်ရင်ရင်မြ (ဆက်သွယ်ရေး၊ ရုံးချုပ်)၊ ဦးသိန်းနိုင်(တွဲဖက်ပါမောက္ခ၊ မုံရွာ စီးပွားရေးတက္ကသိုလ်)၊ ဦးအောင်နိုင်ထွန်း-ဒေါ်အေးရီမြ (ဆက်သွယ်ရေးရုံးချုပ်)၊ (ဦးခင်မောင်ထွေး)၊မစိုးရီမြ(Unity Co., Ltd.)၊ ကိုဇော်ဇော်-မသွယ်သဇင်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၀၉ရက် (သောကြာနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးညဏ်ထွန်း

(ကျောက်တန်း)

အသက် (၆၁)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ မင်းကျောင်းလမ်း၊ အမှတ် ၁၅-ကနေ (ဦးစိန်လင်း-ဒေါ်ငွေခင်)တို့၏သားကြီး၊ (ဦးမောင်ချစ်-ဒေါ်ကျင်မွေး)တို့၏သားသမက်၊ ဒေါ်ကြူကြူ(စိန်နဂါး အထည်ဆိုင်)၏ခင်ပွန်း၊ မောင်စည်သူထွန်း၊ မဟေမာမင်း၊ မနှင်းဖြူထွန်းတို့၏ဖခင်၊ ဒေါက်တာအောင်ထွန်း-ဒေါ်တင်တင်ရွှေ၊ ဦးခင်ဦး-ဒေါ်ကြည်ကြည်ညွန့်၊ (ဦးအုန်းမောင်)-ဒေါ်စန်းစန်းမြင့်၊ ဦးစိုးတင့်-ဒေါ်အေးအေးမြင့်၊ ဦးခင်မောင်ထွေး-နော်စတယ်လာတို့၏ အစ်ကိုကြီးသည် ၃၀-၁၀-၂၀၀၉ရက်(သောကြာနေ့)နံနက် ၆း၀၅နာရီတွင် ပင်လုံအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်မှ ကျောက်တန်းမြို့နယ် အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစိန် (ခ) လျိုယုဟိန်

အသက် (၈၆)နှစ်

(လျိုအိပက်-လင်အိမွေ)တို့၏သား၊ မိတ္ထီလာမြို့၊ ဦးစိန်ညို-ဒေါ်ယဉ်ယဉ်ရွှေ၊ ဦးချိုချို-ဒေါ်လှလှဌေး၊ ဒေါ်ခင်ခင်ဌေး၊ ဦးဖိုးနီ-ဒေါ်စန်းစန်းဌေး၊ ဦးစိန်ထွန်း-ဒေါ်အေးအေးသန်း၊ ဦးအောင်ရွှေ-ဒေါ်ခင်အေးစိန်တို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုး၊ မိတ္ထီလာမြို့၊ ပန်းတိမ်တန်းရပ်၊ စိန်ဟိန်းစားပွဲရုံ ဒေါ်ခင်သန်း၏ခင်ပွန်းသည် ၃၀-၁၀-၂၀၀၉ရက် (သောကြာနေ့) နံနက် ဝး၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးရန်ရှင်း(စား/ဖျော်၊ ငြိမ်း)၊ စမ်း-ကားပစ္စည်းဆိုင်၊ စမ်းချောင်း

အသက် (၈၅)နှစ်

သုံးဆယ်မြို့၊ ဖိုးခေါင်ရပ်နေ (ဦးဖိုးမောင်-ဒေါ်ရွှေသစ်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် ၁၂နေ (ဒေါ်စန်း)၏ခင်ပွန်း၊ ဒေါ်ခင်ဆွေတင့်၊ ဦးအောင်သွင်၊ ဒေါ်တင်ဝင်းမြတ်၊ ဒေါ်ညိုနွဲ့၊ ဦးသန်းထွန်းအောင်-ဒေါ်စန်းစန်းဝင်းတို့၏ဖခင်၊မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၉-၁၀-၂၀၀၉ရက်(ကြာသပတေးနေ့) ည ၁၀း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၉ရက် (စနေနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အော်ရန်တီ

အသက် (၉၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ၂၁လမ်း၊ အမှတ် ၂၄နေ (စောဟုတ်လီ)၏ဇနီး၊ စောဟွီလေ-တန်ဂင်းစမ်း၊ ဦးအောင်မြင့်-ဒေါ်ခင်မာလွင်တို့၏မိခင်၊ တန်ကီအိမ်း-Kelvin၊ တန်ကီဘွန်း၊ ဒေါက်တာစိုးမြင့်အောင်-ဒေါက်တာမြင့်မြင့်စန်း၊ ကိုအောင်ဇော်လတ်၊ ဒေါက်တာမိုးမိုးလွင်-ဒေါက်တာကြည်မင်းသန့်တို့၏အဘွား၊ မြစ် လေးယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၀၉ရက်(သောကြာနေ့)ညနေ၃း၃၈နာရီတွင် ကွယ်လွန်သွားပါဖြင့် ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၀၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်ဟန်

အသက် (၇၀)

ရန်ကုန်မြို့နေ ဦးရွှေအေး-(ဒေါ်ကျင်ယုံ)တို့၏သား၊ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်းကျယ်၊ ၅၃လမ်း၊ အလက(၄)လှိုင်နေ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးဝေလင်း(အငယ်တန်းအင်ဂျင်နီယာ-၁၊ မြို့ပြ)-ဒေါ်အေးအေးရီ၊ ဒေါ်မာလာရီ (အလက-၄၊ လှိုင်မြို့နယ်၊ ကျောင်းအုပ်)၊ ဒေါ်ချိုချိုခိုင်(ပန်းဘဲတန်းမြို့နယ်အခွန်ရုံး)တို့၏ဖခင်၊ မဆုမြတ်သင်း၊ မလဲ့ဖြိုးဖြိုးခိုင်၊ မယမင်းဦး၊ မောင်ထိန်လင်းအောင်တို့၏အဘိုးသည် ၂၉-၁၀-၂၀၀၉ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၀၉ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းဝင်း

အသက် (၄၉)နှစ်

အမှတ် ၃၀/၃၁၊ ဇေယျာသုခလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးထွန်းဝေ - ဒေါ်တင်ညွန့်)တို့၏သမီး၊ ဦးထွန်းဝ(ဒုညွှန်ချုပ်၊ ငြိမ်း၊ သမဝါယမဦးစီး)-(ဒေါ်အုန်းကြည်)တို့၏သမီးချွေးမ၊ ဦးဟန်စိုး-ဒေါ်အမာကြည်၊(ဦးမြင့်တင်)-ဒေါ်အေးအေးမော်၊ဦးသိန်းဇော်-ဒေါ်တင်တင်ဝင်း၊ ဦးသန်းနိုင်-ဒေါ်ကေသီ၊ ဦးတင့်ဇော်-ဒေါ်ကေသီထွန်း၊ ဒေါ်နီလာထွန်း၊ ဦးသန်းထွန်းကြည် - ဒေါ်နီနီအောင်၊ ဒေါ်ရွှေဝါထွန်းတို့၏အစ်မကြီး၊ ဦးနေဝင်း (တက်နေဝင်းကဖီး)၏ဇနီး၊ ဗိုလ်ကြီးမျိုးမင်းဦး-မဇင်ဖြိုးဝေထွန်း၊ မပြည့်ဖြိုးနေဝင်း၊ မဖူးဖူးနေဝင်း(အထက-၂၊ မရမ်းကုန်း)တို့၏မိခင်၊ တူ တူမ ၁၄ယောက်တို့၏အဒေါ်သည် ၂၉-၁၀-၂၀၀၉ရက် ညနေ ၅း၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၉ရက် ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအုန်းကြည် (မင်းဘူး)

အသက် (၈၁)နှစ်

စကုမြို့နေ (ဦးရှုအန်း-ဒေါ်ကြင်မြန်)တို့၏သား၊ မင်းဘူးမြို့၊ ဆေးရုံလမ်းနေ (ဒေါ်သောင်းရင်)၏ခင်ပွန်း၊ ဦးဝင်းမောင် (ဗဟိုဘဏ်၊ ငြိမ်း)-ဒေါ်ခင်ခင်၊ ဦးကျော်မြင့်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်ကိုဆန်း၊ ဒေါ်ခင်အေးရီ(ဗဟိုဘဏ်)တို့၏အစ်ကိုကြီး၊ ဦးအောင်မြင့်ကြည်-ဒေါ်နီနီစမ်း၊ ဦးရဲထွဋ်(M.P.E)-ဒေါ်တင်မာဝင်း၊ ဦးကျော်ဌေးကြည် - ဒေါ်အေးအေးမူ၊ ဦးမျိုးမြင့်ကြည်-ဒေါ်စုစုတင်၊ ဦးဇော်မင်း၊ မစန္ဒာဝင်း၊ (မောင်သန်းဝင်း-မဖြူဖြူနွဲ့အောင်)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၀၉ရက် (သောကြာနေ့)နံနက် ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။[အမှတ် ၅၈၅၊ ပြင်ဦးလွင်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးသောင်းထွန်း

(ဒုအရာခံဗိုလ်၊ ငြိမ်း)

မန်းရာပြည့်တံခွန်စိုက်ဒိုင်း

(လက်ဝှေ့နည်းပြ)

ကန်တော်ကလေး

အသက် (၇၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးနေ (ဦးသိန်းမောင်-ဒေါ်အေးရင်)တို့၏သား၊ (ဦးပါကြီး ဆန်းသစ်စပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း)၏ညီ၊ အမှတ် ၃၂၊ ၈၇လမ်း၊ မြေညီထပ်နေ ဦးခင်မြင့်အောင်၊ ဒေါ်မိမိခင်တို့၏အစ်ကို၊ တူ တူမ ၁၀ယောက်တို့၏ဘကြီး၊ ခင်မေထွန်း(ခ)ပေါက်ပေါက်၏ဖခင်သည် ၂၆-၁၀-၂၀၀၉ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောဘီချယ်

Vocalist and Song Composer

Klo Kwe Music Team

အသက် (၄၁)နှစ်

(ဆရာတော် အယ်ထူးမြိုင်)-ဆရာမ နော်နီးနာ၏ တတိယမြောက်သား၊ စောမူးရာ-နော်လေးလီယာဖော၊ စောဝင်းထယ် - နော်ကလဲဗားတို့၏ ညီ/မောင်၊ ဆရာမ နော်ဟဲလယ်မူး၊ နော်ဟဲဒီမူး-စောဌေးလယ်၊ စောခါဖဲ(န်)ထယ်-နော်အယ်ခရစ်တို့၏အစ်ကိုသည်၂၉-၁၀-၂၀၀၉ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၁၁-၂၀၀၉ရက်တွင် မွန်းလွဲ ၁နာရီတွင် ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမ၊ ကျမ်းစာကျောင်းကုန်း၊ အင်းစိန်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်နှစ်ခြင်းသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးချန်ဘွန်တီ

အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ် ၁၅၃၊ ပထမထပ်နေ (ဦးစစ်တို-ဒေါ်ဟုန်)တို့၏သားဦးအကြူး-ဒေါ်ကျင်စောတို့၏အစ်ကို၊ (ဒေါ်တန်ချိုင့်ရင်)၏ခင်ပွန်း၊ ဦးသိန်းထွန်း၊ ဒေါ်သင်းသင်းကြူ-ဦးကြည်မြင့်၊ ဒေါ်အေးအေးသင်း-ဦးကျော်လွင်၊ ဒေါ်သင်းသင်းလှိုင်၊ ဒေါ်သင်းသင်းခိုင်-ဦးတင့်လွင်၊ ဒေါ်စန်းမြင့်၊ ဒေါ်ခင်သန်းမြင့်၊ ဦးထွန်းသိန်း၊ ဦးကျော်ထွန်း-ဒေါ်စိန်မိ၊ ဒေါ်သန်းသန်းအေး-ဦးဝင်းတင်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၉-၁၀-၂၀၀၉ရက် ည ၁၀း၅၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၀၉ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးထင်ဇော် (ခ)

ဦးထွန်းရင် (ချောင်းဦး)

ကျောင်းအုပ်ကြီး(ငြိမ်း)

အထက(၁)သာကေတ

မြို့မကျောင်းသားဟောင်း

အသက် (၉၃)နှစ်

မုံရွာခရိုင်၊ ချောင်းဦးမြို့၊ ကုတိုးကုန်းရပ်နေ (ဦးဘအေး-ဒေါ်ရွှေစု)တို့၏သားကြီး၊ ရန်ကုန်မြို့၊ တိုက် ၂၁၈၊ အခန်း ၆၊ အရှေ့ရန်ကင်း၊ ၁၂လုံးတန်းနေ (ဒေါ်မမလေး)၏ခင်ပွန်း(ဦးကံထူး)ဒေါ်နုနု(ရုံးအုပ်၊ M.E.I.S ငြိမ်း)၊ ဦးစိန်ဝင်း (လ/ထညွှန်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)-ဒေါ်ဝင်း(ဦးစီးမှူး၊ ငြိမ်း၊ ကသဦးစီး)၊ (ဦးသန်းယု)-ဒေါ်မြင့်မြင့် (ရုံးအုပ်ငြိမ်း၊ရန်ကုန်အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ Y.E.S.B)၊ ဒေါ်ခင်မျိုးအောင် (ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ တောင်ကြီးတက္ကသိုလ်)၊ ဦးအောင်မင်း (အာမခံကိုယ်စားလှယ်)-ဒေါ်ခင်မျိုးဆွေ(ဒု-ကြီးကြပ်ရေးမှူး၊ငြိမ်း၊မြန်မာ့အာမခံလုပ်ငန်း)၊ ဒေါ်ခင်မျိုးဝေ(ဦးစိန်မြင့်)၊ ဦးမြင့်စိုး(E/E-Neptune Shipping)၊ မြေး ငါးယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၀၉ရက် မွန်းလွဲ ၂း၃၀နာရီတွင်အောင်ရတနာအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၀၉ရက် နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊

တန်ဆောင်းဒါယိကာမကြီး

ဒေါ်အုံးမြိုင်

(မင်းကွန်းယောဂီ)

ကျုံကဒက်(ကြာအင်း)

အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၂၆နေ (ဦးမြသိန်း)၏ဇနီး၊ ဦးမင်းသိန်း-ဒေါ်မို့မို့ကျော်၊ ဦးကျော်အုန်းသိန်း-ဒေါ်ခင်မေမေအေး၊ ဦးသိန်းရွှေမောင်-ဒေါ်မိုမို့သိန်းတို့၏မိခင်၊ မောင်ထက်မြက်အေး(ILBC)၊ မောင်ဥက္ကာသိန်းတို့၏အဘွားသည် ၂၉-၁၀-၂၀၀၉ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၀၉ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်စိုး

ကာကွယ်ရေးဝန်ကြီးဌာန

ငွေစာရင်းရုံး(ငြိမ်း)

အသက် (၆၂)နှစ်

အင်းစိန်မြို့နယ်၊ စဉ့်ဂူရပ်ကွက်၊ စံပြလမ်းနေ (ဦးလှတင်-ဒေါ်သန်းရှင်)တို့၏သား၊ (ဦးမြဟန်-ဒေါ်လှသိန်း)တို့၏သားသမက်၊ ဒေါ်ထားထားကြည်၏ခင်ပွန်း၊ မောင်ထက်မျိုးဦး၊ မနှင်းယုခိုင်တို့၏ဖခင်သည် ၂၉-၁၀-၂၀၀၉ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ နေပြည်တော်အားကစားကွင်းအမှတ်(၁)၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်၍ ဆုရအသင်းအား တံခွန်စိုက်ဖလားနှင့် ကိုယ်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။(**ယာပုံ**)

ကြည့်ရှုအားပေး

အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ

စာမျက်နှာ ၉ ကော်လံ ၂ ✻

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဧပြီ ၂၈ ရက်မှ စတင်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ New Influenza A(H1N1) အတည်ပြုလူနာ ၆၃ ဦးရှိပြီး သေဆုံးသူ မရှိကြောင်း၊ ၆၁ ဦးမှာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ လက်ရှိဆေးရုံတက် လူနာနှစ်ဦးရှိပြီး ၎င်းတို့၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

လိုက်နာဆောင်ရွက်

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

ရောဝတီတိုင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် အောက်တိုဘာ ၃၀

ရောဝတီတိုင်း၌ အောက်တိုဘာ ၂၉ ရက်အထိ မိုးစပါး ၃၇၀၀၀၁၇ ဧက စိုက်ပျိုးပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)